# မြဝတီ
# The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 31 July 2024 ၁၁၅၃၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားဖြစ်ထွန်းရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စက်မှုဇုန်များရှိ အထည်ချုပ်စက်ရုံများ အော်ဒါရရှိမှုပိုများနေသော်လည်း လုပ်သားလိုအပ်ချက်ရှိနေ



ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များရှိ အထည်ချုပ်စက်ရုံလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၃၀

စက်မှုဇုန်များရှိ အထည်ချုပ်စက်ရုံများအနေဖြင့် ယခင်ထက် အော်ဒါရရှိမှုပိုများနေသော်လည်း လုပ်သားရှားပါးမှုရှိနေကြောင်း မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ထိုသို့ လုပ်သားလိုအပ်ချက်ရှိနေသည့်အတွက် အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းရရှိနိုင်သည့် အနေအထားလည်းဖြစ်ကြောင်း သိရသည်။

"အထည်ချုပ်စက်ရုံတွေအနေနဲ့ အော်ဒါရရှိမှုကတော့ ကောင်းတယ်။ ဘင်္ဂလားဒေ့ရှ်အော်ဒါက ကျွန်တော်တို့ဆီရောက်လာတာ နည်းနည်းပါးပါး မဟုတ်ဘူး။ အများကြီး သိန်းချီပြီးရောက်လာတယ်။ အော်ဒါရရှိမှုက အရင်ထက်ပိုရှိတယ်။ အော်ဒါရရှိမှုအနေနဲ့က အရင်တော့လေးလတစ်ဖြတ်စီပေးတယ်။ အခုတော့ ယူနိုင်တယ်ဆိုရင် တစ်နှစ်စာလည်းပေးတယ်"ဟု အထည်ချုပ်စက်ရုံ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အထည်ချုပ်စက်ရုံများအနေဖြင့် ယခင်ကဲ့သို့ ပြည်ပမှအော်ဒါရရှိမှု အခွင့်အလမ်းများသော်လည်း ယခုလက်ရှိတွင် စက်ရုံလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းများရှိနေပြီး တရားမဝင်သွားရောက်သူများလည်း ရှိနေကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

## ယနေ့ ဖတ်စရာ


**အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက်တစ်ကြိမ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထား** စာမျက်နှာ » ၅

**တိုင်းပြည်ချစ်စိတ် ......** ဆောင်းပါး စာမျက်နှာ » ၆

**နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း သင်တန်းဖွင့်** စာမျက်နှာ » ၇

**လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့** စာမျက်နှာ » ၉

**ကျေးလက်လမ်းများ ရာသီမရွေး ကောင်းမွန်ရေးမှသည် စီးပွားရေး ဖွံ့ဖြိုးရေးဆီသို့**





ဆောင်းပါး စာမျက်နှာ » ၁၁

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃၀

| | | | | |
|---|---|---|---|---|
| ကျိုက္ကမီ | ၅ | ဒသမ | ၄၃ | လက်မ |
| စစ်တွေ | ၄ | ဒသမ | ၈၀ | လက်မ |
| နေပြည်တော် (ဥတ္တရသီရိမြို့နယ်) | ၃ | ဒသမ | ၇၈ | လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) | ၃ | ဒသမ | ၆၆ | လက်မ |
| သထုံ | ၃ | ဒသမ | ၅၈ | လက်မ |
| ကမမောင်း | ၃ | ဒသမ | ၁၉ | လက်မ |
| ဇလွန် | ၃ | ဒသမ | ၁၅ | လက်မ |

# ကြေးမုံ

## ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

ကမ္ဘာပေါ်ရှိနိုင်ငံများမှ အစိုးရများအနေဖြင့် ၎င်းတို့နိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်နေကြသည်။ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ၏ လူမှုစီးပွား မြင့်မားစေရန် ဆောင်ရွက်ပေးရမည့်တာဝန်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာအောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄) တွင် “စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများ ဖွံ့ဖြိုးရေးကို အမှန်တကယ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း” လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကအားပြု လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထွက်ရှိပြီး ပြည်ပပို့ကုန်များလည်း ပိုမိုရရှိစေမည်ဖြစ်သည်။ စပါးစိုက်ပျိုးမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးအထွက်နှုန်းများ တိုးတက်စေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်နှင့် ဒေသန္တရ မွေးမြူရေးလုပ်ငန်းများတွင် အခြားနိုင်ငံများမှ လုပ်ကိုင်လျက်ရှိသည့် အထွက်နှုန်းတိုးစေမည့် နည်းလမ်းများကို အတုယူဆောင်ရွက်သင့်သည်။

မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာတွင် အစိုးရနှင့် ပုဂ္ဂလိက ဆောင်ရွက်သော ကုန်ထုတ်လုပ်ငန်းများအပြင် သမဝါယမစနစ်သည်လည်း သင့်လျော်ကောင်းမွန်သည့် စနစ်တစ်ခုဖြစ်သည်။ သမဝါယမအသင်းများကို တိုးချဲ့ဖွဲ့စည်းပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်းများ တည်ထောင်ကြရန်လိုသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဟု သိရသည်။ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကုန်သွယ်မှုအပိုင်းတွင် ပြီးခဲ့သည့် သုံးလတာကာလက ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နိုင်ခဲ့သည်များရှိသလို နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာများရရှိခဲ့သည်။ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများရှိနေသောကြောင့် နိုင်ငံ့စီးပွားရေးကို ထိခိုက်နစ်နာစေလျက်ရှိသဖြင့် ကုန်သွယ်မှုအပိုင်းကို အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ကူးသန်းရောင်းဝယ်ကုန်သွယ်မှုပြုလုပ်ရာ၌ လမ်းခရီးတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေသည်။ နယ်စပ်ကုန်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကို အဟန့်အတားဖြစ်စေမည့်အခြေအနေများ မဖြစ်ပေါ်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်သွယ်စီးဆင်းမှု ချောမွေ့ကောင်းမွန်ပါမှ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများကို ကဏ္ဍများစွာတွင် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးမြှင့်တင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စားသောက်ကုန်များသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုအပ်သည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရသည့် သွင်းကုန်ပစ္စည်းများကို လျှော့ချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်တွင်း၌ ဖူလုံလောက်ငချောမွေ့စွာ ဖြန့်ဖြူးပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ကာ နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

## အလုံမြို့နယ် စာရင်းစစ်ချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်မာချိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက ဧည့်သည်တော်အဖြစ်တက်ရောက်၍ သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းအခြေအနေများကို အသင်းသားများသို့ ချပြရှင်းလင်း၍ သဘောတူညီချက်ရယူကာ အသင်းသားများအား အကျိုးခံစားခွင့် စုစုပေါင်းငွေကျပ် ၁၈၆၃၁၆၇ ဒသမ ၆၈ ကျပ်အား ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဟောပြော

မုဒုံ ဇူလိုင် ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမက(မူလွန်) တာပသွန်၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇော်အောင်က သစ်တောသစ်ပင်များအရေးပါပုံ၊ သစ်တောများမှ ရရှိသော အကျိုးကျေးဇူး၊ သစ်တောများ ပျက်စီးပြုန်းတီးစေသည့် အကြောင်းရင်း၊ သစ်တောဖုံးလွှမ်းမှုအခြေအနေ၊ သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးစေရန် ပြုစုပျိုးထောင်စိုက်ပျိုးနည်း၊ သစ်တောများနှင့် သဘာဝဘေးအန္တရာယ်၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတွင် ပြည်သူလူထု ပါဝင်လာစေရန် ဌာနအနေဖြင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းဝင်းအတွင်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ခရေ ၂၅ ပင်၊ ရေတမာ ၂၅ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

## Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီတင်ပို့နိုင်မှု ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ TBC စီးပွားရေးဇုန်ရှိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ဂိုဒေါင်မှ ဟိုပုံးမြို့နယ်ကျောင်းလွယ်ကျေးရွာရှိ အသစ်ဆောက်လုပ်ထားသော Green Gold သမဝါယမအသင်းပိုင်ဂိုဒေါင်သို့ ကော်ဖီစေ့များ ပြောင်းရွှေ့နေမှု၊ သိုလှောင်ထားရှိမှုအခြေအနေများနှင့် ပြည်ပနိုင်ငံသို့ တင်ပို့မှုအခြေအနေများကို ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း မန်နေဂျာက ဟိုပုံး၊ လွိုင်လင်မြို့နယ်တို့မှ သမဝါယမအသင်းသားများ၏ ကော်ဖီရောင်းချမှုနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဦးစီးမှူးက ကျောင်းလွယ်ကျေးရွာရှိ အသင်းပိုင်ဂိုဒေါင်တွင် အသင်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရာ၌ စနစ်တကျ စာချုပ်ချုပ်ဆိုဆောင်ရွက်ရန်နှင့် ရေရရှိရေးဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၁၅ | ၁၃၄,၅၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၉,၅၆၉ | ၃၃,၆၆၅,၈၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁ | ၈,၃၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၂၀,၉၂၅ | ၃၆,၆၁၈,၇၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁,၀၀၀ | ၂,၈၅၀,၀၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၄၅၆ | ၇၉၈,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၂၆ | ၁,၀၆၀,၂၀၀ |
| MAEX | ၃,၄၀၀ | ၃,၅၀၀ | ၅၇၀ | ၁,၉၄၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# စည်ပင်သာယာရေးဥပဒေများ စိစစ်မှုဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စည်ပင်သာယာရေးဥပဒေများ စိစစ်မှု ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသီတာစန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ မွန်နှင့် ရှမ်းတို့မှ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စည်ပင်သာယာရေးဥပဒေများပါ ပြဋ္ဌာန်းချက်များ တစ်ပြေးညီဖြစ်စေရေးအတွက် ပြင်ဆင်ရန်လိုအပ်သည့်အချက်များ၊ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ရှိ ဆရာဒကာကျောင်းများတွင် မန်ကျည်းပင်၊ တမာပင်များ စိုက်ပျိုးခြင်း၊ ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးနေမှုများ ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ရှိ ဆရာဒကာကျောင်းများ၌ မန်ကျည်းပင်နှင့် တမာပင်များ စိုက်ပျိုးခြင်း၊ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ဆရာဒကာကျောင်း ရှစ်ကျောင်းရှိပြီး ဦးစီးဌာနများအနေဖြင့် ရုံးပိတ်ရက်များတွင် မိမိတို့ ဆရာဒကာကျောင်းများ၌ သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မိုးရာသီကာလဖြစ်၍ သစ်ပင်စိုက်ပျိုးမှုပါ တစ်ပါတည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် အနည်းဆုံး အရိပ်ရရှိမည်ဖြစ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မည်၊ လေထုညစ်ညမ်းမှု၊ အပူလွန်ကဲမှုကို ကာကွယ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့် သစ်ပင်များ ရှင်သန်ကြီးထွားစေရန် ထိန်းသိမ်းစောင့်ရှောက်မှုများ လုပ်ဆောင်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဆရာဒကာကျောင်းဖြစ်သော နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၌ လည်းကောင်း၊ တစ်ချိန်တည်းတွင် ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများက လယ်ဝေးမြို့ အင်တိုင်းသာကျောင်း၌ လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲဖံနှင့် တာဝန်ရှိသူများက ချမ်းမြေ့ရိပ်သာကျောင်း၌လည်းကောင်း မန်ကျည်းပင်နှင့် တမာပင်များ စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ ရွှေဖုံးမှ

"အော်ဒါကောင်းပေမယ့် လူမရှိရင် အခက်အခဲရှိတယ်။ အော်ဒါရရှိမှုက အရင်ထက်ပိုရရှိပြီးတော့ လုပ်သားရှားပါးမှုတွေရှိနေတယ်။ အခက်အခဲတွေရှိလာတယ်။ အခုတရုတ်ပြည် နယ်စပ်မှာစက်မှုဇုန်တွေ တည်နေတော့ တရားမဝင်နဲ့သွားနေတာ။ တရားမဝင်လာတဲ့သူကို တကယ်လုပ်တတ်တဲ့သူတွေကို ချပြတယ်၊ လုပ်နိုင်တယ်၊ လုပ်ခိုင်းတယ်၊ နေဖို့စားဖို့ အကုန်ပေးတယ်။ တရားမဝင်နဲ့ သွားကြတာများတယ်။ တရားမဝင်သွားတော့ Passport လည်းမလိုဘူးပေ့ါ" ဟု ၎င်းက ပြောသည်။



## လုပ်သားလိုအပ်ချက်ရှိနေ

အထည်ချုပ်စက်ရုံများအနေဖြင့် လုပ်သားလိုအပ်ချက်ရှိနေသည့်အပေါ် အလုပ်သမားများအနေဖြင့် လာရောက်လုပ်ကိုင်စေလိုပြီး အခွင့်အလမ်းများလည်း ရှိနေကြောင်း အထည်ချုပ်စက်ရုံတစ်ရုံမှ HR မန်နေဂျာတစ်ဦးက ပြောသည်။

"အခုက လုပ်သားလိုအပ်နေတာဆိုတော့ လာပြီးလုပ်စေချင်ပါတယ်။ အခွင့်အလမ်းတွေလည်း ရှိတယ်။ ဒါကြောင့် တချို့ဆိုရင် နယ်က အမျိုးတွေကို ပြန်ခေါ်တာမျိုးတွေရှိတယ်။ တချို့က စက်ရုံထဲ မှာတင် ကိုယ့်ညီမတွေ၊ အစ်မတွေကိုခေါ်တာမျိုးပေ့ါ" ဟု ၎င်းက ပြောသည်။

MT

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်း

မန္တလေး ဇူလိုင် ၃၀

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် ၁၃၅ လမ်း ၆၀-၅၉လမ်းကြားရှိ အထက(၂၇) အောင်တံခွန်ခန်းမ၌ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲ၊ ပန်းခင်းစီမံချက်(၃)နှင့် Biometric ဆိုင်ရာ ကွင်းဆင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ပြီး မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးစိုးလွင်က သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းပုံစံများ၊ ကောက်ယူမည့် ရည်ညွှန်းချိန်များကို တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများအား ပြန်လှန်မေးခွန်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး ပြက္ခဒိန်များ၊ လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ပြည်ကြီးတံခွန်မြို့နယ်လဝကရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေမှုနှင့် ကျောင်းသား ကျောင်းသူများအား Biometric ဆိုင်ရာ ကွင်းဆင်း၍ UID စာရွက်များ ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးလဝကဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ခရိုင်လဝကဦးစီးမှူး ဦးဇင်ထက်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ လူမှုရေးအသင်းများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၂၂



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရမည်းသင်းမြို့၌ ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး



**နေပြည်တော် ဇူလိုင် ၃၀**

ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေ လေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ် ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်း တွင် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက် အားပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ သယံဇာတ ရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှု ရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရမည်းသင်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး၊ ရမည်းသင်း ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက် လာကြသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက် ကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွား အဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကအဖွဲ့တို့အား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ပညာဘဏ် တိုက်စာကြည့်တိုက်သို့ သွားကြ စို့"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေး ပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက် စေရမည်"** Video Clip ကို ပြသ သည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား လူငယ်များသည် နိုင်ငံတော်၏အနာဂတ်သားကောင်း ရတနာများဖြစ်သည့် အတွက် အရည်အသွေး ပြည့်ဝစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ် ကြောင်း၊ စာအုပ်စာပေများသည် မိမိတို့အားလုံးကို အသိပညာ ဗဟုသုတများအား ပေးစွမ်းနိုင် သည့်အတွက် ငယ်စဉ်အချိန်ကပင် ဖတ်ရှုလေ့လာကြရန် လိုအပ်ပါ ကြောင်း၊ ယနေ့အချိန်တွင် ပြည်သူများ စာပေဖတ်ရှုလေ့လာ ခြင်းဖြင့် အသိပညာမြင့်မားလာ စေရန် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို နိုင်ငံတစ်ဝန်းလုံး တွင် စီစဉ်ကျင်းပပေးလျက်ရှိပါ ကြောင်း။

နိုင်ငံတော် အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူပြီး စာတတ်ပြီး စာမဖတ် သူမှာ ရပ်နေသည့်လူနှင့်တူ ကြောင်း၊ စာတတ်ပြီး စာပေလေ့ လာဖတ်ရှုသူဖြစ်မှသာ လမ်း လျှောက်နေသည့်လူနှင့် တူသည် ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာ ပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေ ကြရမည်ဖြစ်ကြောင်း၊ ယခု စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များ မှသည် စာပေလေ့လာဖတ်ရှုသည့် အလေ့အထ ကောင်းများ ပေါ်ပေါက်လာအောင် မိမိတို့ အားလုံးက ဝိုင်းဝန်းကြိုးပမ်း ပေးကြရန် လိုအပ်ပါကြောင်း ပြော ကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက ရမည်းသင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း နှင့် အလယ်တန်းကျောင်းများ အတွက် DTH စလောင်း ငါးစုံ နှင့် DVB T2 Set Top Box ၁၅လုံး တို့အား ပေးအပ်လှူဒါန်းရာ အခြေခံ ပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီး များက လက်ခံရယူကြသည်။

**ဟောပြောဆွေးနွေး**

ဆက်လက်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသား ကျောင်းသူများ က **"အလှဆုံးပန်းများ ပွင့်ကြ ပြီ"** သီချင်းဖြင့် ဖျော်ဖြေကြပြီး ရုပ်ရှင်အနုပညာရှင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က **"စာစုံဖတ် မယ် ကျောင်းသားအရွယ်"**ခေါင်း စဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း စာကြည့်တိုက် အတွက် တိုင်းဒေသကြီးပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြ ပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေ များ ပေးအပ်ချီးမြှင့်ကာ ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ခင်းကျင်းပြသ ထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံ ပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်း စကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

## တောင်ငူမြို့၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ငူ ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ဘုရင့်နောင်အစည်းအဝေး ခန်းမ၌ တောင်ငူခရိုင် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် ခရိုင်အမျိုးသမီး ကော်မတီလုပ်ငန်းညှိနှိုင်း အစည်း အဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင် ကလေး သူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် ခရိုင်အမျိုးသမီး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် (ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ) က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ နှင့် ခရိုင်အမျိုးသမီးကော်မတီ အတွင်းရေးမှူး ခရိုင်လူမှုဝန်ထမ်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေ က ကော်မတီ၏ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ကိုဆွေးနွေးတင်ပြပြီး ခရိုင်ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက ပြန်လည် ဆွေးနွေးတင်ပြသည်။

ထို့နောက် ခရိုင်အမျိုးသမီး ကော်မတီဝင်များက အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ အမျိုးသမီးများအား ကျား/မ အခြေပြုအကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရေး၊ ကာကွယ် စောင့်ရှောက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်း လှုပ်ရှား ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက် လက် ဆောင်ရွက်မည့်လုပ်ငန်း များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေး ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိ

**ဒေးဒရဲ ဇူလိုင် ၃၀**

ဧရာဝတီ တိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိ သူများက ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်း ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ် (၂) ရပ်ကွက်ရှိ မြို့နယ်အားကစား ခန်းမ၌ ကွင်းဆင်းပြုလုပ်ပေးခဲ့ သည်။



**ကွင်းဆင်းဆောင်ရွက်ပေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက် ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒေးဒရဲမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးနိုင်ဦးလှိုင် ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးများ နှင့် ဝန်ထမ်းများက မြေပြင် အရောက်ကွင်းဆင်း၍ နိုင်ငံသား စိစစ်ရေးကတ်ပြား မပြုလုပ်ရ သေးသူများ၊ အသက် ၁၀ နှစ် ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ် အထက် နိုင်ငံသားစိစစ်ရေး ကတ်ပြား မရှိသူများအား ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ကတ် နံပါတ်များ ဖြည့်သွင်းခြင်းနှင့် အိမ်ထောင်စု စာရင်း မြေပြင်စစ်ဆေးခြင်းလုပ် ငန်းများကို ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**



## လပွတ္တာခရိုင်အတွင်း ဆောင်ရွက်နေသော လမ်း၊ တံတားများအား ကွင်းဆင်းကြည့်ရှု စစ်ဆေး

**လပွတ္တာ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်း မြို့နယ်များအတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်း ဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိ သည့် လုပ်ငန်းများအား ဇူလိုင် ၂၉ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဧရာဝတီတိုင်းဒေသကြီး တိုင်းတာဝန်ခံအင်ဂျင်နီယာချုပ် (မြို့ပြ)ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများသည် လပွတ္တာခရိုင် အတွင်း ဆောင်ရွက်နေသော လမ်း၊ တံတားများအား ကွင်းဆင်းကြည့် ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် လပွတ္တာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး တွင် ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ် ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **မူမူ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာစိုးဝင်းတို့ နေပြည်တော် (တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပွဲစဉ် (၅) ယှဉ်ပြိုင်မှုနှင့် ချစ်စရာ့အရွယ် ကစားကြမယ် ကလေးအစီအစဉ် ယှဉ်ပြိုင်မှု ရိုက်ကူးရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာစိုးဝင်းတို့ နေပြည်တော် (တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုလေ့လာကြစဉ်။

**ကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room, MRTV HD၊ MRTV News သတင်းထုတ်လွှင့်ခန်းများနှင့် သတင်း Studio များတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု လေ့လာကြပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေဆုံနှုတ်ဆက် အားပေးကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် ၂၀၁၉ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် သပိတ်ကျင်း မြေငလျင်ဒဏ်ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ပင်မအဆောက်အအုံတွင် ကြမ်းခင်း၊ နံရံနှင့် ကွန်ကရစ်လမ်းများ၌ အက်ကြောင်းများ ဖြစ်ပေါ် ပျက်စီးခဲ့မှုများအား လမ်းညွှန်ချက်နှင့် အညီ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရေဒီယိုနှင့် ရုပ်မြင်သံကြား အသံသွင်း/အသံထပ် စတူဒီယို (Dubbing Studio) ခန်းတွင် ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာမျှဝေပေးရေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပွဲစဉ်(၅)ကို နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူငါးဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

**ပွဲစဉ်ငါးခုဖြင့်ကျင်းပလျက်ရှိ**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းကို အများပြည်သူ စိတ်ဝင်စားမှု ပိုမိုရရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရေး အသိပညာမျှဝေ လှုံ့ဆော်ခြင်းဖြင့် လူထုလှုပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့နှင့်ပူးပေါင်း၍ Radio ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအား ပွဲစဉ်ငါးခုဖြင့် ကျင်းပလျက်ရှိရာ ပွဲစဉ်တစ်ခုစီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် ရွေးချယ်ထားသည့် စုစုပေါင်း ၁၀ ဦးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် Auditorium ခန်းမသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဇာတ်တော်ကြီးပြိုင်ပွဲအား လက်ခံကျင်းပနိုင်ရန်အတွက် MRTV Auditorium ခန်းမအရွယ်အစား၊ Stage အမြင့်နှင့် ပရိသတ်ဝင်ဆံ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ MRTV Auditorium သည် အလျား ၄၈ ပေ၊ အနံ ၄၅ ပေ၊ အမြင့် ၃ပေ ၄ လက်မ ရှိသည့် ရိုက်ကူးရေးစင်မြင့် Stage၊ အသံစနစ်၊ Lighting Bar၊ Setting Bar ၊ Main Curtain၊ Side Tab၊ Intermediate Curtain နှင့် Elevator Stage များ ထည့်သွင်းတပ်ဆင်ထားရှိပြီး ပရိသတ် ၄၇၅ ဦး ဝင်ဆံ့သည့် ရိုက်ကူးရေးခန်းမဖြစ်သည်။

ဆက်လက်၍ Auditorium ခန်းမတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အားလုံးချစ်သည် MRTV "သီချင်းနှင့် တေးသရုပ်ဖော်တို့ဖြင့် ဦးစွာ ဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် "ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ် ရိုက်ကူးရေး ဆောင်ရွက်မှုကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ဥတ္တရသီရိ မူလတန်းကြိုကျောင်းနှင့် အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း၊ ဒက္ခိဏသီရိမူလတန်းကြိုကျောင်းနှင့် ပျဉ်းမနားမူလတန်းကြိုကျောင်းများမှ ကလေးငယ်များ ယှဉ်ပြိုင်ကစားမှုအား ကြည့်ရှုအားပေးကြပြီး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည့် ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**အပတ်စဉ်ရိုက်ကူးလျက်ရှိ**

အဆိုပါ ချစ်စရာ့အရွယ် ကစားကြမယ် ကလေးအစီအစဉ်ကို ၁၉၉၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပေးခဲ့ရာ ကိုဗစ် ၁၉ ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ ရပ်နားထားခဲ့ရာမှ ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ မူလတန်းကြိုကျောင်းများမှ ကလေးငယ်များဖြင့် MRTV Auditorium ခန်းမတွင် အပတ်စဉ် ရိုက်ကူးလျက်ရှိပြီး ဇူလိုင် ၂၀ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မူကြိုကျောင်းများမှ ဆရာ ဆရာမများ ၊ တာဝန်ရှိသူများ၊ မိဘများ၊ ကလေးများနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများအား လိုက်လံကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက်တစ်ကြိမ် စားအုန်းဆီ နှစ်ပိသာနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထား

**ရန်ကုန် ဇူလိုင် ၂၀**

အိမ်ထောင်စုတစ်စုလျှင် တစ်လတစ်ကြိမ် စားအုန်းဆီ နှစ်ပိသာနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ဖြန့်ဖြူးပေးလျက်ရှိ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၄၄) မြို့နယ်၌ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီတင်သွင်းသော ကုမ္ပဏီများက လက်လီ/လက်ကား အရောင်းဆိုင်များမှ တစ်ဆင့် ပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများ ဖြန့်ဖြူးပေးလျက်ရှိသည်။



မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းအစီအစဉ်အရ ပြည်သူများထံသို့ ကားများဖြင့် ဆီရောင်းချပေးစဉ်။

ထိုသို့ဖြန့်ဖြူးလျက်ရှိသော်လည်း အရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသော အိမ်ထောင်စုများအနေဖြင့် စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာဝယ်ယူနိုင်ရန်၊ လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက် ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် နှစ်ပိသာနှုန်းဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားသည်ဟု ဇူလိုင် ၂၀ ရက်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက အသိပေးထုတ်ပြန်ထားသည်။ ဝယ်ယူနိုင်ရန်အတွက် Call Center ဖွင့်လှစ်၍ မှာကြားချက်များကိုမှာကြားနိုင်ရန် လက်ခံမှတ်သားသွားမည်ဖြစ်၍ ဇူလိုင် ၂၁ ရက်မှစ၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) Call Center ဖုန်းနံပါတ် ၀၁- ၂၃၉၉၂၂၂ (လိုင်းခွဲ ၇ လိုင်း)သို့ မှာကြားနိုင်ကြောင်း အသိပေးထားသည်။ ဈေးနှုန်းအနေဖြင့် တနင်္လာနေ့တိုင်း သတင်းစာများတွင် ထုတ်ပြန်သည့် လက်ကားရည်ညွှန်းဈေးနှုန်းကိုအခြေခံ၍ အကျိုးအမြတ်ထည့်သွင်းထားခြင်းမရှိဘဲ ဘူးခွံဖိုးနှင့် ဘူးသွတ်ခကို ထည့်သွင်းတွက်ချက်ထားသည့် ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းပါရှိသည်။ Delivery ခကို မှာကြားသည့် ဝယ်သူဘက်မှ ပေးချေရမည်ဖြစ်ပြီး ပစ္စည်းရောက် ငွေချေစနစ်ဖြင့်သာ ရောင်းချသွားမည်ဖြစ်သည်။

**အသိပေးကြေညာ**

ထို့အတူ ဆီဖိုးကို ကြိုတင်ငွေပေးချေရန်မလိုကြောင်းနှင့် မှာကြားရက်နှင့်ပစ္စည်းရောက်မည့်ရက်မှာ သုံးရက်ခန့်ကွာခြားနိုင်သည်ဟု ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ အသိပေးကြေညာထားသည်။

**MT**

# တိုင်းပြည်ချစ်စိတ် ......

မြင်းခြံကျော်အောင်

**❛ လောကတွင် ကောင်းမှုနှင့် မကောင်းမှု ဤနှစ်ခုသာရှိသည်။ ကောင်းမှုပြုလျှင် ကောင်းကျိုးတရားစံစားရမည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးတရားခံစားရမည်။ ဤသည်ကား မဖောက်မပြန် မှန်ကန်သော ဓမ္မစစ်ဖြစ်ပေသည်။ ကောင်းမှု၊ မကောင်းမှု ယခုပြုလျှင် အချို့လုပ်ရပ်များသည် ချက်ချင်းအကျိုးတရား မပေါ်ပေါက်သေးချေ။ အကျိုးပေးချိန်တန်မှ အကျိုးပေးသည်လည်းရှိသည်။ ကောင်းမှုပြုလျှင် ကောင်းကျိုး၊ မကောင်းမှုပြုလျှင် ဆိုးကျိုးသည် မလွဲမသွေပေးသည်။ ဤသည်က သူ၏ နိယာမတရားဖြစ် ❜**

သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား လက်နက်၊ ခဲယမ်းများနှင့်အတူ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိသတင်းကို ၁၇-၆-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် စာရေးသူ ဖတ်ခဲ့ရသည်။

တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်နှင့် ပူးပေါင်းပါဝင်မှုကြောင့် ၂၀၂၄ ခုနှစ် ဇွန်လ ၈ ရက်နေ့ နံနက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ကြံစည်ခဲ့ကြသည့် အကြမ်းဖက်သမားဖြစ်သည့် ချိုကြီး(ခ)ဟိန်းထက်အောင် အပါအဝင် တရားခံ ကျား ရှစ်ဦး၊ မ တစ်ဦး ပေါင်း ကိုးဦးအား ဒုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အခမ်းအနားမကျင်းပမီ ဖမ်းဆီးရမိခဲ့သဖြင့် အဖျက်သမားများ၏ အကြံအစည် အထမမြောက်ခဲ့။ ပြည်သူများ အခမ်းအနားကို အောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်ခဲ့သည်။

ချိုကြီး(ခ)ဟိန်းထက်အောင်၏ ထွက်ဆိုချက်အရ ၁၄-၆-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် မျိုးသိန်းထွန်း (၃၄)နှစ်အား လက်နက်နှင့်တကွ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် လည်းကောင်း၊ ဇော်ကြီး(ခ)ကိုထက် (၃၀)နှစ်အား လက်နက်များနှင့်တကွ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် လည်းကောင်း၊ ရဲဇော်ထွန်း(ခ)ဖီးနစ် (၃၄) နှစ်အား လက်နက်များနှင့်တကွ မင်္ဂလာတောင်ညွန့်မြို့နယ်တွင်လည်းကောင်း၊ ရှိန်းမြင့်မိုရ်အောင် (ခ) ကိုရှိန်း (၂၁)နှစ်အား လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိသည်။ စုစုပေါင်း ဖမ်းဆီးရမိသူများမှာ ကျား ၁၂ ဦး၊ မ တစ်ဦး ပေါင်း ၁၃ ဦးဖြစ်သည်။

အဖမ်းခံရသူများမှာ ဒုက္ခပင်လယ်ဝေကြောမျောကြရပြီ။ သူတို့၏ ဇနီး၊ သားသမီးများလည်း မျက်ရည်မိုး ရွာသွန်းဖြိုးရပြီး သူတို့၏ မိဘဆွေမျိုးများလည်း စိတ်ဆင်းရဲမှုဒဏ်ခံကြရပြီ။ သူတို့နှင့် ဆက်စပ်ပတ်သက်သူအပေါင်း ဒုက္ခခံကြရပြီ။

ဖမ်းဆီးခံရသူများသည် မမှန်ကန်သော ခံယူချက်၊ ယုံကြည်ချက်များနှင့် စားဝတ်နေမှုအတွက် ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထမင်းစားရန် လုပ်နေကြခြင်းဖြစ်သည်။ ဤအမှု ကျူးလွန်ရန် စေခိုင်းသူက စေခိုင်းသည်ထားဦး။ သူတို့၏ စိတ်ဓာတ်အရင်းခံဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ သူတို့၏အတွင်းစိတ်၏ စေခိုင်းမှုကြောင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤစိတ်သည် သူတို့အား ဒုက္ခတွင်းနက်ထဲ ဆင်းစေခဲ့သည်။ ဤစိတ်သည် သူတို့၏ ရန်သူကြီးဖြစ်သည်ကို သူတို့မသိ မမြင်ခဲ့ကြ။ ထို့ကြောင့် မကောင်းသောအမှုအား စိတ်၏ စေခိုင်းချက်အရ ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြင့် ထောင်နန်းစံရမည်က သေချာသွားပြီ။

အရင်းစစ်လိုက်သောအခါ မိမိကိုယ်မိမိ မချစ်ခြင်းက စခဲ့သည်။ မိမိကိုယ်ကိုချစ်လျှင် မိမိ ဒုက္ခရောက်မည့်အလုပ် လုပ်ကိုင်မည်မဟုတ်ပေ။

**လောကတွင် ကောင်းမှုနှင့် မကောင်းမှု ဤနှစ်ခုသာရှိသည်။ ကောင်းမှုပြုလျှင် ကောင်းကျိုးတရားစံစားရမည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးတရားခံစားရမည်။ ဤသည်ကား မဖောက်မပြန် မှန်ကန်သော ဓမ္မစစ်ဖြစ်ပေသည်။ ကောင်းမှု၊ မကောင်းမှု ယခုပြုလျှင် အချို့လုပ်ရပ်များသည် ချက်ချင်းအကျိုးတရား မပေါ်ပေါက်သေးချေ။ အကျိုးပေးချိန်တန်မှ အကျိုးပေးသည်လည်းရှိသည်။ ကောင်းမှုပြုလျှင် ကောင်းကျိုး၊ မကောင်းမှုပြုလျှင် ဆိုးကျိုးသည် မလွဲမသွေပေးသည်။ ဤသည်က သူ၏ နိယာမတရားဖြစ်ပေသည်။**

ယခု ဖမ်းဆီးခံရသူများ၊ ယခင်ယခင်က ဖမ်းဆီးခံရသူအားလုံးတို့သည် ဘယ်သူမပြု မိမိမှုပင်ဖြစ်သည်။ မိမိကိုယ်မိမိ ပြစ်ဒဏ်ခံရစေရန် ဆောင်ရွက်သူများဖြစ်ကြသည်။ တစ်နည်း မိမိကိုယ်မိမိ မချစ်သူများဖြစ်ကြသည်။

ထို့ပြင် မိမိ၏ဇနီး၊ သားသမီးကိုလည်း မချစ်သူများဖြစ်ကြသည်။ သူတို့၏ မိဘဆွေမျိုးများကိုလည်း မချစ်ကြသူများဖြစ်ကြသည်။ အကယ်၍ မိမိဇနီး၊ သားသမီး၊ မိဘဆွေမျိုးများကိုသာ ချစ်ကြပါက ထိုသူများ စိတ်ဆင်းရဲစေရန် လုပ်ကြံကြမည်မဟုတ်ပေ။ အဆုံးစွန်ပြောရလျှင် သူတို့လုပ်ရပ်အောင်မြင်ပြီး အများပြည်သူများ သေကျေဒဏ်ရာရ လွမ်းဆွေးပူပန်ရဖြစ်မည်ကိုပင် ထည့်မတွက်သူများ ဖြစ်ပေသည်။ သူတို့သည် မေတ္တာစိတ်ခေါင်းပါးသူများ ဖြစ်ကြပေသည်။

အခြားချစ်ရမည့်အရာများမှာ မိမိ၏နေရပ်၊ မြို့ရွာနှင့် တိုင်းပြည်ဖြစ်ပေသည်။ ဘယ်အရပ်က အကြမ်းဖက်သမားများလဲ။ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်က၊ မင်္ဂလာတောင်ညွန့်မြို့နယ်က၊ ဘယ်တိုင်းဒေသကြီးကလဲ ရန်ကုန်တိုင်းဒေသကြီးက၊ ဘယ်နိုင်ငံကလဲ မြန်မာနိုင်ငံက ဤသို့ သတင်းစကားပြောသည်ကို ခံရပြီဆိုလျှင် ဤရပ်ရွာ၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နိုင်ငံပါ ဂုဏ်သိက္ခာကျဆင်းရပေတော့သည်။ ကမ္ဘာသူ၊ ကမ္ဘာသားများ ကြားသိရသောအခါ မြန်မာနိုင်ငံနှင့် ဤနိုင်ငံအတွင်းနေ မြန်မာများအားလုံး ချီးကျူးခံရမည့်အရေးမဟုတ်၊ ရှုတ်ချခံရမည့်အရေးဖြစ်သည်။

အရင်းစစ်အမြစ်မြေကဟူသော စကားအရ အရင်းခံအကြောင်းမှာ မိမိကိုယ်ကိုမိမိ မချစ်ခြင်းက အဓိကဖြစ်ပေသည်၊ အခရာဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့ လူသားအားလုံးသည် မိမိကိုယ်မိမိ ချစ်ကြရပါမည်။ မိမိကိုယ်မိမိချစ်၍ ကောင်းမှုများပြုပါလျှင် မိမိ မိသားစုများ၊ ဆွေမျိုးများ၊ မိမိရပ်ရွာနှင့် နိုင်ငံသားအားလုံး ကောင်းကျိုးများ ခံစားကြရပါမည်။ ဝမ်းသာလန်းဖြာကြပါမည်။ ဤသည်ကား တိုင်းပြည်ချစ်စိတ်၏ အခြေအမြစ်ဖြစ်ပေတော့သည်။

## မိမိကိုယ်ကိုချစ်လျှင် စောင့်ရှောက်

မြတ်ဗုဒ္ဓက မိမိကိုယ်ကိုချစ်လျှင် မိမိကိုယ်ကို စောင့်ရှောက်ပါဟု ဟောဖော်ညွှန်ကြားခဲ့သည်။ တရားတော်အကျယ်မှာ **“မိမိ၏ ကိုယ်ကျင့်သိက္ခာကောင်းအောင် မိမိကိုယ်ကို စောင့်ရှောက်ရမည်။ မိမိ၏ ဣန္ဒြေကောင်းအောင် စောင့်ရှောက်ရမည်၊ မကောင်းမှုမှန်သမျှ ပြုရမည်ကို ရှက်ရမည်။ မကောင်းမှုမှန်သမျှပြုရန် ကြောက်ကြရမည်”** ဖြစ်သည်။

ထို့ပြင် “ကိုယ်ကျင့်သိက္ခာ၊ ဣန္ဒြေ၊ အရှက်၊ အကြောက် မရှိကြသောသူတို့သည် စင်စစ်အမှန် ပျက်စီးခြင်းသို့ ရောက်ကြကုန်လတ္တံ့”ဟုလည်း မြတ်ဘုရားက ဟောကြားခဲ့သည်။

မိမိကိုယ်မိမိ မချစ်ရာမှ မိမိ၏အတွေ့အကြုံ အပြောအလုပ်များအား မစောင့်ရှောက်ဘဲ သိက္ခာမဲ့စွာပြုမှုသဖြင့် အကြမ်းဖက်အဖျက်သမားများ ယခု အဖမ်းခံကြရသည်။ ထောင်သွင်းအကျဉ်းချခံရမည်။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းများ ကြီးမားစွာ ခံစားကြရမည်။ မြတ်ဗုဒ္ဓ၏ **“မိမိကိုယ်မိမိ မချစ်၍ မစောင့်ရှောက်သူများသည် ပျက်စီးခြင်း မလှ ပျက်စီးရသည်”**မှာ ထင်ရှားလျက်ရှိလှပေပြီ။

ထို့ကြောင့် မိမိကိုယ်မိမိ ချစ်ကြပါလျှင် မိမိကိုယ်မိမိ စောင့်ရှောက်ခြင်းမှတစ်ပါး အခြားမရှိဟုပင် ဆိုရပါမည်။

**❛ ယနေ့ မြန်မာနိုင်ငံရှိ အကြမ်းဖက်လုပ်ရပ် လုပ်နေသူအားလုံးသည် သူ့အပြစ်ကို ရှုနေသူများဖြစ်ကြသည်။ အမြင်မှားကာ တရားသည်ကို မတရားဟုမြင်သည်။ ဓမ္မစစ်ကို အဓမ္မဟု မြင်သည်။ ကောင်းသောလုပ်ရပ်ကို ဆိုးသောလုပ်ရပ်ဟု ထင်မြင်လက်ခံသည်။ ဆိုးသော၊ အပြစ်မကင်းသောလုပ်ရပ်ကို လိုအပ်သည့်လုပ်ရပ်ဟု မြင်သည်။ တစ်ပါးသူ၏ အပြစ်ကိုသာ ရှုသည်။ မိမိကိုယ်၏ အပြစ်ကိုမူ လုံးဝမရှု။ သို့ဖြင့် အများပြည်သူဆင်းရဲရာ ဆင်းရဲကြောင်းကို တရစပ် ဆောင်ရွက်နေကြ ❜**

မြတ်ဗုဒ္ဓက ဝေနေယျသတ္တဝါများ မဟာကရုဏာတော်ဖြင့် ချမ်းသာကြောင်းတရား တစ်ပါးကို ဟောကြားခဲ့ပြန်ပါသည်။ ဤတရားသည်လည်း ယခုဖြစ်ရပ်နှင့် ဆက်စပ်လျက်ရှိသည်။ ဤသည်ကား အပြစ်ရှုခြင်းနှင့် ပတ်သက်သည်။

## သူ့အပြစ်မရှု ကိုယ့်အပြစ်ရှု

ယနေ့ မြန်မာနိုင်ငံရှိ အကြမ်းဖက်လုပ်ရပ် လုပ်နေသူအားလုံးသည် သူ့အပြစ်ကို ရှုနေသူများ ဖြစ်ကြသည်။ အမြင်မှားကာ တရားသည်ကို မတရားဟုမြင်သည်။ ဓမ္မစစ်ကို အဓမ္မဟု မြင်သည်။ ကောင်းသောလုပ်ရပ်ကို ဆိုးသောလုပ်ရပ်ဟု ထင်မြင်လက်ခံသည်။ ဆိုးသော၊ အပြစ်မကင်းသော လုပ်ရပ်ကို လိုအပ်သည့်လုပ်ရပ်ဟု မြင်သည်။ တစ်ပါးသူ၏ အပြစ်ကိုသာ ရှုသည်။ မိမိကိုယ်၏ အပြစ်ကိုမူ လုံးဝမရှု။ သို့ဖြင့် အများပြည်သူဆင်းရဲရာ ဆင်းရဲကြောင်းကို တရစပ် ဆောင်ရွက်နေကြသည်။

သာမန်လူအများသည်လည်း သူ့အပြစ်ကိုသာ အရှုများလှကြသည်။ ကိုယ့်အပြစ်ကို ရှုသူများမှာ အထူးနည်းပါးလှပါသည်။

မြတ်ဗုဒ္ဓကမူ **“သူတစ်ပါးတို့ မသင့်မတော်သော အရာတို့ကို မရှုကြည့်ရာ၊ သူတစ်ပါးတို့ ပြုအပ် မပြုအပ်သော အရာတို့ကို မရှုကြည့်ရာ၊ မိမိသာလျှင် ပြုအပ်သောအရာတို့ကို လည်းကောင်း၊ မပြုအပ်သောအရာတို့ကို လည်းကောင်း ရှုကြည့်ရာ၏”** ဟု ဟောတော်မူခဲ့သည်။

မိမိအပြစ်ကို မိမိရှုကြည့် ပြုပြင်ရာမှ အောင်မြင်ကြီးပွားသွားသူ များစွာရှိပါသည်။ မြန်မာနိုင်ငံမှ စံပြပုဂ္ဂိုလ်တစ်ဦးမှာ ပခုက္ကူဦးအုန်းဖေပင်ဖြစ်သည်။ သူသည် ငယ်စဉ်က အလုပ်ကြမ်းမျိုးစုံ လုပ်ခဲ့ရသူတစ်ဦးဖြစ်ကြောင်း၊ ခားပြဗိုလ်အလုပ်ပင် လုပ်ခဲ့ရကြောင်း၊ ထောင်တွင်း အကျဉ်းချခံရကြောင်းကို ဆောင်းပါးများရေးပြီး ပြောပြခဲ့သည်။ အခါတစ်ပါးတွင် ဆရာတော်တစ်ပါးက သူ့အား ဘဝအောင်မြင်ရေးစာအုပ်ငယ်တစ်အုပ်ပေးခဲ့သည်။ ထိုစာအုပ်အား သူက နှစ်နှစ်သက်သက်ဖြင့် နှစ်ပေါင်းများစွာ ထိန်းသိမ်းပြီး အထပ်ထပ်လည်း ဖတ်ခဲ့သည်။ ဖတ်ပြီး သူ့အပြစ်ကို သူရှုသည်။ ဆင်းရဲသားဘဝဖြင့် ရေရှည်မနေအပ်၊ သူတစ်ပါးစိတ်ဆင်းရဲစေသော ခိုးဆိုးတိုက်ခိုက်သည့် အလုပ်မလုပ်အပ်ဟု ရှုမြင်သည်။ သို့ဖြင့် မိမိ၏အပြစ်များအား ရှုမြင်ကာ မိမိကိုယ်ကို ပြုပြင်ခဲ့သည်။ လှံ့လဝီရိယဖြင့် ရိုးသားစွာ စီးပွားရှာခဲ့သည်။ ဗာဂျီးနီးယားဆေးလုပ်ငန်းဖြင့် ကြီးပွားချမ်းသာခဲ့သည်။ သို့ဖြင့် ကောင်းမှုများပြုလုပ်သည်။ ပခုက္ကူမြို့တွင် ဆေးရုံ၊ စာကြည့်တိုက်များ ဆောက်လုပ်တည်ထားခဲ့သည်။ အထင်ရှားဆုံးမှာ ပခုက္ကူဦးအုန်းဖေ စာပေဆုပေးရန်အတွက် မတည်ငွေ ၇၆၀၁၂၇၉ ကျပ်အား လှူဒါန်းပြီး တည်ထောင်ခဲ့သည်။ ယခုအချိန်အထိလည်း စာပေဆုများ နှစ်စဉ်ချီးမြှင့်ခဲ့သည်။ သူအတုယူရသော စာအုပ်ငယ်ကိုလည်း ဆင့်ပွားပုံနှိပ်ကာ ဒါနပြုခဲ့သည်။ ထိုစာအုပ်ငယ်ကို မန်းသင့်နောင်(ကော့ကရိတ်)က ပေးဖတ်သဖြင့် စာရေးသူပင် ၁၉၉၄ ခုနှစ် ကရင်ပြည်နယ်တွင် အမှုထမ်းစဉ်က ဖတ်ခဲ့ဖူးသည်။

ပခုက္ကူဦးအုန်းဖေသည် မိမိစိတ်ကို မိမိပြုပြင်ပြီး ကြိုးပမ်းဆောင်ရွက်သဖြင့် ပြည်သူအများ အကျိုးတရား ခံစားရသည်။ အရင်းခံအကြောင်းမှာ မိမိကိုယ်မိမိ ချစ်ခြင်းဖြစ်သည်။ သို့ဖြင့် မိမိအပြစ်မိမိရှုရာမှ စိတ်ကောင်းစေတနာများ ပွားများကာ အများအကျိုး၊ တိုင်းပြည်အကျိုးဆောင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ပေါ်ပေါက်လာသောလုပ်ရပ်များမှာ တိုင်းပြည်ချစ်စိတ်အထိ ပြန့်ပွားခဲ့သည်ကို တွေ့ရလေသည်။ ဤကား မြန်မာနိုင်ငံမှ စံပြပုဂ္ဂိုလ်တစ်ဦး အကြောင်း ဖြစ်ပါသည်။

ကမ္ဘာ့စံပြပုဂ္ဂိုလ်တစ်ဦး၏အကြောင်းကိုလည်း ဖော်ပြပါဦးမည်။ ထိုပုဂ္ဂိုလ်ကြီးမှာ အမေရိကန်နိုင်ငံ၏ သမိုင်းဝင်ပုဂ္ဂိုလ်ကြီး ဘင်ဂျမင်ဖရန်ကလင် (၁၇၀၆-၁၇၉၀ ပြည့်နှစ်) ဖြစ်သည်။ သူသည် လူ့စိတ်သည် ဂုဏ်အပေါင်းနှင့် ပြည့်စုံကြောင်း၊ လူတွင် မြင့်မြတ်စွာ ဆင်ခြင်တတ်သည့် ဉာဏ်ရှိကြောင်း၊ ထို့ပြင် အဆုံးအစမရှိသော အသိဉာဏ်များလည်း ရှိကြောင်း သိခဲ့သူဖြစ်သည်။ **စာမျက်နှာ ၇ သို့** ❑

# နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၀**

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီး မျိုးသန့်ခြံ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေး ပညာရှင်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ သင်တန်းသား တောင်သူလယ်သမားများ တက်ရောက်ကြသည်။

**စိုက်ပျိုးရန်အသင့်တော်ဆုံးသီးနှံ**

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံတစ်ဝန်း၌ ရာသီ ဆီထွက်သီးနှံများကို နှစ်စဉ် ဧကရှစ်သန်းကျော် စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံဧကလေးသန်းနီးပါး စိုက်ပျိုးလျက်ရှိသဖြင့် ဆီထွက်သီးနှံများအနက် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် သီးနှံတစ်ခုအဖြစ် တွေ့ရှိရကြောင်း၊ နှမ်းသီးနှံစိုက်ပျိုးရန် တစ်ဧကအတွက် အသုံးပြုရသည့် မျိုးစေ့ပမာဏနှစ်ပြည်သာ အသုံးပြုရပြီး မျိုးစေ့နှုန်းထား အနည်းဆုံးဖြစ်သည့်အပြင် နှမ်းတစ်တင်းမှ ဆီချောက်ပိဿာထွက်ရှိသဖြင့် ဆီပါဝင်မှုရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း၊ စားသုံးဆီထုတ်လုပ်ခြင်းအပြင် မြန်မာ့ရိုးရာ မုန့်ပဲသရေစာအမျိုးမျိုးတွင် အသုံးများပြီး ပြည်ပဈေးကွက်လည်း ရှိနေခြင်းကြောင့် ဆီထွက်သီးနှံများထဲတွင် စိုက်ပျိုးရန် အသင့်တော်ဆုံး သီးနှံဖြစ်ကြောင်း၊ ထို့ကြောင့် နှမ်းသီးနှံ အများဆုံးစိုက်ပျိုးကြသည့် ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၂ မြို့နယ်မှ တောင်သူများကို ဦးစားပေးဖိတ်ခေါ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ထွက်ရှိစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲတစ်ဧက ကျပ်သုံးသိန်းနှုန်း၊ နေကြာတစ်ဧကကျပ် နှစ်သိန်းနှုန်း၊ နှမ်းတစ်ဧက ကျပ်တစ်သိန်းခွဲနှုန်းနှင့် ညီမျှသော သွင်းအားစုများ ထုတ်ပေးပြီး ဆီစက်လုပ်ငန်းရှင်များက သီးနှံများပြန်လည်ဝယ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် မျိုးသန့်ခြံနှစ်ခြံတွင် နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များကို လေးရာသီ ဆောင်ရွက်ခဲ့ပြီး တောင်သူကွင်းသရုပ်ပြပွဲများကို ကျောက်ဆည်၊ ချောင်းမကြီးမျိုးသန့်ခြံ၊ မလှိုင်မျိုးသန့်ခြံနှင့် နတ်မောက်မြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုသင်တန်းတွင် နှမ်းမျိုးစေ့ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း နည်းပညာများကို မျှဝေပေးသွားမည်ဖြစ်ပြီး နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်နှင့် မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းများကို လက်တွေ့လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် RS အဆင့် (မျိုးသန့်မျိုးပွားမျိုးစေ့) ဆင်းရတနာ ၁၄ နှမ်းမျိုးစေ့များကို တောင်သူများအား ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ဝါသီးနှံမျိုးသန့်ခြံများဖြစ်ကြသည့် ချောင်းမကြီးခြံနှင့် ပျော်ဘွယ်ခြံတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စီပင်ခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါဂွမ်းချည်မျှင် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဝါသီးနှံမျိုးသန့်များ စနစ်တကျဖြန့်ဖြူးပေးနိုင်ရေး၊ တောင်သူများအတွက် တွက်ခြေကိုက် ဝင်ငွေတိုးစေမည့် သီးနှံအထွက်ရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် မြေဆီဩဇာထက်သန်စေမည့် ဒေသပေါက်ပင်များ စိုက်ပျိုးဆောင်ရွက်ရန် လိုအပ်ချက်များ၊ မြေဆီလွှာကျန်းမာရေးအတွက် မြေလပ်မကျန် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဒေသခံတောင်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ်၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်



**တောင်ငူ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ (အထက ၆)၌ ဆောင်ရွက်သည်။

**အမှာစကားပြောကြား**

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ် သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ပရဟိတအသင်းအဖွဲ့များမှ အဖွဲ့ဝင် ၃၅ ဦး စုစုပေါင်း ၇၀ ခန့်က ငလျင်ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံအတွင်း ဒဏ်ရာရရှိသူများအား ကူညီကယ်ဆယ်မှု သရုပ်ပြခြင်းကို ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၀၀ ခန့်က ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာထွေးက သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အသိပညာပေးဟောပြောဆွေးနွေးကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

❑ စာမျက်နှာ ၆ မှ

သူဆယ်ကျော်သက်အရွယ်တွင် သူ့စိတ်မှာ ရိုင်းခဲ့သည်။ သူငယ်ချင်းများနှင့် ဆက်ဆံရာတွင် ထိုးလိုက်ကြိတ်လိုက် လုပ်ခဲ့သည်။ သူ့မှာသည်းခံစိတ်မရှိ၊ သူ့မှာ မေတ္တာစိတ်မရှိ၊ သို့ဖြင့် သူ၏ အလုပ်ရှင် ပုံနှိပ်တိုက်ပိုင်ရှင်ဖြစ်သူ အစ်ကိုဖြစ်သူနှင့် ရန်ဖြစ်ကာ မိဘများကိုစွန့်ပြီး ဖီလာဒဲလ်ဖီးယားမြို့သို့ ထွက်ခွာသွားခဲ့သည်။ ထိုစဉ်က သူ့အသက် ၁၇ နှစ်သာရှိသေးသည်။ လက်ထဲတွင် ငွေမဖြစ်စလောက်သာရှိသည်။ ပုံနှိပ်တိုက်တွင် အလုပ်ဝင်လုပ်ခဲ့သည်။ ဤအပြစ် ၁၂ ရပ်အား ချရေးပြီး တစိုက်မတ်မတ် ပြုပြင်တော့သည်။

သို့ဖြင့် သူ ၂၃ နှစ်သားအရွယ်ရောက်သောအခါ ပုံနှိပ်တိုက်ပိုင်ရှင် စာတတ်ပေတတ်သူ၊ ငွေကြေးပြည့်စုံသူ၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်သူ ဖြစ်လာပြီး သူနေသောမြို့၊ သူ့လုပ်ငန်းနယ်တွင် ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ဤသည်ကား ဘင်ဂျမင်ဖရန်ကလင်၏ မိမိကိုယ်မိမိ ချစ်သဖြင့် မိမိသည် တစ်သက်တာ အလုပ်ကြမ်းဘဝဖြင့် မနေအပ်ဟုလည်းကောင်း၊ စာမတတ်၊ ပေမတတ်သူ တစ်ဦးအနေဖြင့် မရပ်တည်အပ်ဟုလည်းကောင်း ရှုမြင်ခြင်း၊ ပြုပြင်ခြင်းဖြစ်သည်။

သူသည် မိမိကိုယ်သာ အပြစ်ရှုပြီး ပြုပြင်သူမဟုတ်ပေ။ မိမိနေထိုင်ရာမြို့ဖြစ်သော ဖီလာဒဲလ်ဖီးယားမြို့ကိုလည်း ဦးဆောင်ပြုပြင်ခဲ့သည်။ ငွေကြေးလုပ်အားများစွာ စိုက်ထုတ်ပြီး ပြုပြင်ခဲ့သည်။ သူ၏ အကျိုးပြုလုပ်ငန်းများမှာ မြို့တွင်း လျှပ်စစ်မီးသွယ်တန်းသည့်လုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်းနှင့် ဆေးပေးခန်း စသည်တို့ ဖြစ်သည်။

သို့ဖြင့် သူ့မြို့သည် အမေရိကန်နိုင်ငံတွင် အတိုးတက်ဆုံးမြို့၊ အကောင်းဆုံးမြို့ဟု သတ်မှတ်ခံရသည်။ ထို့ပြင် သူ့ပြည်နယ်ဖြစ်သော ပင်ဆယ်လ်ဗေးနီးယားအတွက်လည်း ဦးဆောင်လုပ်ခဲ့သည်။ ပင်ဆယ်လ်ဗေးနီးယားဆေးရုံ၊ ပညာတံခွန်အသင်း၊ အမေရိကန် ယထာဘူတအသင်း၊ အမေရိကန် ပိဋကတ်တိုက်နှင့် မီးအာမခံကုမ္ပဏီများ တည်ထောင်ပေးခဲ့သည်။

မိမိကိုယ်တိုင် မိမိကိုယ်ကိုချစ်ပြီး ပြုပြင်ခဲ့သူ၊ မိမိအပြစ် မိမိရှုပြီး မိမိလုပ်အပ်သည့် အလုပ်များအား တက်ကြွစွာ ဆောင်ရွက်ခဲ့သော ဘင်ဂျမင်ဖရန်ကလင်အား အမေရိကန်အစိုးရက လွတ်လပ်ရေးကြေညာစာတမ်းရေးဆွဲရာ၌ အဖွဲ့ဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြုရာတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးခဲ့သည်။ ထို့နောက် သံအမတ်ကြီးတာဝန်နှင့် စာတိုက်မင်းကြီး တာဝန်ကိုလည်း ချီးမြှင့်ပေးခဲ့သည်။

ဘင်ဂျမင်ဖရန်ကလင်သည် မိမိကိုယ်ကိုချစ်ရာမှ တိုင်းပြည်ကိုလည်းချစ်သူ၊ အမေရိကန်နိုင်ငံသားများကိုလည်း ချစ်သူအဖြစ် မိမိကိုယ်မိမိ စောင့်ရှောက်ခဲ့၊ တည်ဆောက်ခဲ့သည်။ စာတိုက်မင်းကြီးအဖြစ် အစိုးရက တာဝန်ပေးသောအခါ လစာလုံးဝမယူဘဲ လူနာစစ်သည်များအတွက် လှူဒါန်းခဲ့သည်။

သူ့အသက် ၈၀ ပြည့်နှစ်တွင် သူ့အတ္ထုပ္ပတ္တိကို ရေးပြီး ဖြန့်ဝေလှူဒါန်းခဲ့သည်။ ဤစာအုပ်ထဲတွင် **"အားလုံးအပေါ် ယဉ်ကျေးသိမ်မွေ့ပါ၊ အများနှင့် လိုက်လျောညီထွေနေထိုင်ပါ၊ လူအနည်းငယ်နှင့်သာ ရင်းရင်းနှီးနှီး နေထိုင်ပါ၊ မိတ်ဆွေကောင်းတစ်ယောက်သာထားပါ၊ ရန်သူတစ်ယောက်မှ မရှိစေနှင့်"** ဟု ဖော်ပြခဲ့သည်။ အမေရိကန်ပြည်သူအပါအဝင် ကမ္ဘာသူ ကမ္ဘာသားများပါ အကျိုးကျေးဇူးပြုခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဘင်ဂျမင်ဖရန်ကလင်ကဲ့သို့သော ပုဂ္ဂိုလ်များ မြောက်မြားစွာရှိသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံကြီးသည် ကမ္ဘာ့အင်အားကြီးနိုင်ငံ၊ ချမ်းသာကြွယ်ဝသောနိုင်ငံ၊ အေးချမ်းသာယာသောနိုင်ငံကြီး ဖြစ်နေပေတော့သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံကြီး လက်ရှိဖြစ်တည်နေသောအခြေအနေမှာ အထူးသဖြင့် အဖျက်အမှောင့်လုပ်နေသူအားလုံးသည် မိမိကိုယ်ကို မချစ်ကြသူများ၊ မိမိ၏အပြစ်ကို မရှုဘဲ သူတစ်ပါး၏ အပြစ်ကိုသာရှုပြီး ဆောင်ရွက်နေသူများ ဖြစ်နေကြပေသည်။ သို့ဖြင့် မိမိလည်း ဒုက္ခခံစားရ ပြည်သူများလည်း ဆင်းဆင်းရဲရဲ ဖြစ်နေပေတော့သည်။

မိမိကိုယ်သာ မိမိချစ်မည်။ မိမိသာပြုအပ်သည်ကို ပြုမည်ဆိုပါလျှင် မိမိ၏ ကြီးပွားချမ်းသာရေးကိုလည်း မိမိလုပ်ဖြစ်ပါမည်။ ထို့ပြင် မလုပ်အပ်သည်များကိုလည်း ရှောင်ရှားကာ လုပ်အပ်သောကောင်းမှုအထွေထွေကို မလွဲမသွေ လုပ်ပေမည်။ ဤသို့ဖြင့် နိုင်ငံချစ်စိတ်သည် အပြောတွင် ရပ်မနေဘဲ ရုပ်လုံးရုပ်ကြွအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ပေတော့သည်။

ဤသည်ကို ပခုက္ကူ ဦးအုန်းဖေနှင့် ဘင်ဂျမင်ဖရန်ကလင်တို့က စံနမူနာဖြစ်ခဲ့ကြသည်။

မိမိကိုယ်ကို ချစ်၊ မိမိအပြစ်ကို မိမိရှုကာ တိုင်းပြည်ချစ်စိတ် မွေးမြူနိုင်ကြပါစေ။

**စာကိုး**

- **"မြတ်ဗုဒ္ဓ၏ ကြီးပွားရေးလမ်းညွှန်ချက်များ" ဦးမောင်မောင် (ဟံသာဝတီ)**
- **၁၇-၆-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ "သန့်လျင်တံတား အမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိ"သတင်း။**

# တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုး သင်တန်းဆင်းပွဲကျင်းပ



တောင်ကြီး ဇူလိုင် ၃၀

ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်များရှိ ဝန်ထမ်းများ ဝန်ဆောင်မှုအရည်သွေး ပြည့်ဝနေစေရေးအတွက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးကို လေးပတ်ကြာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုး သင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခုကဲ့သို့ တောင်ကြီးမြို့တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းပြီးပါက ကလောမြို့နှင့် ကျိုင်းတုံမြို့များတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ ဟိုတယ်ဝန်ဆောင်မှုကဏ္ဍတွင် ဝန်ထမ်းစုစုပေါင်း ၄၅၀၉ ဦးရှိသည့်အနက် ၂၂၀၄ ဦးသည် သက်ဆိုင်ရာသင်တန်းများကို တက်ရောက်ပြီးဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ယေဘုယျအားဖြင့် ၅၀ ရာခိုင်နှုန်းခန့် သင်တန်းတက်ရောက်ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းထူးချွန်ဆုများရရှိသည့် ဧည့်ကြိုဝန်ဆောင်မှု ဘာသာရပ်၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဝန်ဆောင်မှု ဘာသာရပ်၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုဘာသာရပ်တွင် ပထမဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ပေးသည်။

ထို့နောက် ဒုတိယ၊ တတိယဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့ကလည်းကောင်း၊ သင်တန်းနည်းပြများအား ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ သင်တန်းဆင်း လက်မှတ်များကို ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သိပ္ပံနှင့် နည်းပညာ ဒုတိယဝန်ကြီး ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၃၀

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိုင်ငံဖွံ့ဖြိုးရေး တည်ဆောက်ရာတွင် အမှန်တကယ်အားထားရသည့် ပြည်သူ့အကျိုးသယ်ပိုးနိုင်သော၊ ဗလငါးတန်နှင့်ပြည့်စုံသော အင်ဂျင်နီယာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာ အရွေ့နှုန်းနှင့်အတူ အမီလိုက်ပါနိုင်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု IT နည်းပညာရှင်များဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြား၍ တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် တစ်တပ်တစ်အား ဖြစ်စေမည့် အင်ဂျင်နီယာလူငယ်များကို နိုင်ငံတကာစံနှုန်းများ ပြည့်မီစွာဖြင့် စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်လတ်မြို့နယ်၌ တံတားချဉ်းကပ်လမ်း တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ကျိုက်လတ် ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဖောင်ရိုးဆိပ်ကျေးရွာကွန်ကရစ်တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ဖောင်ရိုးဆိပ်ကျေးရွာကွန်ကရစ်တံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နှစ်ပိုင်းခွဲတည်ဆောက်ခဲ့ပြီး ချဉ်းကပ်လမ်းအရှည် (၀/၂ ဒသမ ၂)မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၇



# ခေတ်လိုက်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ခေတ်လိုက်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက ရပ်ကွက်ဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမိုးဇော်အောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးနိုင်က သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း လုပ်ငန်းအခြေအနေများကို အသင်းသားများသို့ ချပြရှင်းလင်း၍ သဘောတူညီချက်ရယူကာ အသင်းသား ၁၉၀ အားယခုဘဏ္ဍာနှစ်အတွင်း အသင်းသားတစ်ဦးလျှင် ဆန်တစ်ပြည်နှင့် ကြက်သွန်နီ နှစ်ပိဿာစီ ထောက်ပံ့ပေးနိုင်သကဲ့သို့ အသင်းသား အစုပေါ်ချီးမြှင့်ငွေအဖြစ် စုစုပေါင်း ၃၀ ဒသမ ၁၆၁၇၇ သိန်းကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ ကလေးသူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

ကော့သောင်း ဇူလိုင် ၃၀

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ ကလေးသူငယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အထက (ခွဲ) အလက(၁) အဏ္ဏဝါကျောင်းတွင် ကျင်းပသည်။



ဦးစွာ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းစိုးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ကော့သောင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက ကလေးသူငယ် အခွင့်ရေးများဆိုင်ရာဥပဒေပါ ကလေးများ၏ အခွင့်အလမ်းများ၊ အကြမ်းဖက်မှုခံရမည့်အခြေအနေနှင့် ကြုံတွေ့လာပါက ကာကွယ်ရန်နည်းလမ်းများနှင့် ကလေးများစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ယာယီရေဘေးရှောင်စခန်းများသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ကူညီထောက်ပံ့

ပဲခူး ဇူလိုင် ၃၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ပဲခူးမြို့အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ လိုအပ်သည်များ သွားရောက်ကူညီထောက်ပံ့သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ဖွင့်လှစ်ထားသည့် သဘာဝဘေးကွပ်ကဲမှုရုံးတွင် ဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူး၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးများက ပဲခူးမြို့ရှိ ယာယီရေဘေးရှောင်ကယ်ဆယ်ရေး စခန်းများအလိုက် ရေးဘေးသင့်ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေ၊ ပဲခူးမြို့နယ်၊ တပ်နယ်မှူးက တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၏ ရေဘေးကူညီကယ်ဆယ်ရေးနှင့် ထမင်းထုပ်များ ဖြန့်ဝေလျက်ရှိမှုအခြေအနေနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြစ်ရေစီးဆင်းမှုအခြေအနေနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းဘေး ရေထွက်ပေါက် ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ မဟာကလျာဏီသိမ်တော်ကြီးကျောင်းနှင့် ကြေးနီကန်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ပြီး စားသုံးကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးအပ်ပြီး ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးရန်နှင့် အမိုးအကာဖြင့် နေထိုင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကျောက်ကြီးစုတာပေါ်၌ သဲအိတ်ရေတားတာ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်သည့် မြို့သစ်(င) ရပ်ကွက်၊ ကျောက်ကြီးစုရပ်ကွက်များအတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ၊ မုန့်များ၊ ရေသန့်ဘူးများ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

ဘားအံ ဇူလိုင် ၃၀

ကရင်ပြည်နယ် အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းကာ မြစ်ရေချောင်းရေများ မြင့်တက်လာသည့်အတွက် ဇူလိုင် ၂၅ ရက်မှစ၍ အနိမ့်ပိုင်းလူနေရပ်ကွက် ကျေးရွာများအတွင်း ရေများဝင်ရောက်၍ ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ကုန် ပစ္စည်းများ သွားရောက် ထောက်ပံ့ပေးကြသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမနှင့် မြို့မဂ္ဂါမေဗလီ ရေဘေးကယ်ဆယ်ရေး စခန်းတို့တွင် ယာယီ ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့် ပြည်သူများအား အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် သဘာဝဘေးကိုကြိုတင်မျှော်တွေးတွက်ဆ၍ ပြည်နယ်အဆင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဝေးကို နှစ်ကြိမ်တိုင်တိုင် ကျင်းပပြီး ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန်၊ အရေးပေါ် တုံ့ပြန်နိုင်ရန်နှင့် ရေဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ထားကြောင်း၊ ကယ်ဆယ်ရေး စခန်းများတွင် နေထိုင်စဉ်ကာလအတွင်း စည်းလုံးညီညွတ်စွာဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်သွားကြစေလိုကြောင်း အားပေးစကားများ ပြောကြားပြီး အိမ်ထောင်စု ၈၇ စု၊ လူဦးရေ ၄၀၂ ဦးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၈၄၄၂၀၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများ အသင့်စားသုံးနိုင်ရန် နေ့လယ်စာ ထမင်းဘူးများ ဝေငှပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့ အနိမ့်ပိုင်းရပ်ကွက်များ အတွင်း ရေဝင်ရောက်မှု အခြေအနေ၊ စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှုအခြေအနေ၊ လူနေအိမ်များ ရေနစ်မြုပ်မှု အခြေအနေများကို စက်တပ် လှေငယ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူး ကျေးရွာရှိ ဆိုင်ကလုန်းရှက်တာ (Cyclone Shelter) ရေဘေးကယ်ဆယ်ရေး စခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး အဆိုပါကယ်ဆယ်ရေး စခန်းရှိ အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၂၄၆ ဦးတို့အား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥအစရှိသော စားသောက်ကုန်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၅၁၆၆၀၀ ကိုထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအတွက် နေ့လယ်စာ ထမင်းဘူးများကို လိုက်လံဝေငှပေးကြသည်။

**ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး**

ကရင်ပြည်နယ်တွင် ဘားအံ၊ လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ကမမောင်း၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့များတွင် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းအထိ ယာယီကယ်ဆယ်ရေးစခန်းပေါင်း ၆၀နှင့် နီးစပ်ရာ ဆွေမျိုးများနေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုပေါင်း ၇၃၅၀ ရှိပြီး လူဦးရေ နှစ်သောင်းရှစ်ထောင်ကျော် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြဝတီမြို့၌ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မြဝတီ ဇူလိုင် ၃၀

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခုသို့ ရွှေ့ပြောင်းထားနိုင်ခဲ့ပြီး ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်း ဦးဆောင်၍ ကော်မတီဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကယ်ဆယ်နေရာချထားရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ကယ်ဆယ်ရေးစခန်းအားလုံးပိတ်သိမ်း**

ဇူလိုင် ၃၀ ရက်တွင် သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အောက်သို့ တစ်ပေခွဲခန့် ပြန်လည်ကျဆင်းခဲ့ရာ ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအား နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးစခန်းအားလုံးကို ပိတ်သိမ်းနိုင်ခဲ့သည်။ အဆိုပါ ရေကြီးရေလျှံသဘာဝဘေးဖြစ်စဉ်တွင် ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ရေဘေးသင့်အိမ်ထောင်စု ၁၃၇၀၊ လူဦးရေ ကျား ၂၅၃၉ ဦး၊ မ ၂၄၄၆ ဦး စုစုပေါင်းလူဦးရေ ၄၉၈၅ ဦးတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့က အခြေခံစားသောက်ကုန် ဆန်၊ ဆီများ လှူဒါန်းပေးခဲ့ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ ခုနစ်ရက်စာ ရိက္ခာဖိုးထောက်ပံ့ငွေအားလည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၊ ကုန်သည်လုပ်ငန်းရှင်များအသင်းနှင့် မြို့မိမြို့ဖများ ၊ စေတနာရှင်များက လှူဒါန်းပေးသော စားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၉၁၅၆၄၀၀ ခန့်အား လှူဒါန်းပေးခဲ့သည်။

မြဝတီမြို့နယ်အတွင်း ရေကြီးရေလျှံ၍ နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့် စာသင်ကျောင်းများ၊ ရပ်ကွက်များနှင့် မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတားဝန်းကျင်တွင် တင်ကျန်နေသော အမှိုက်သရိုက်များ၊ သဲနွံများအား မြို့တော်အင်္ဂါရပ်နှင့်အညီ ပြန်လည်၍ သန့်ရှင်းသာယာလှပလာစေရေးအတွက် မြို့စည်ပင်သာယာရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းအဖွဲ့အစည်းများက သန့်ရှင်းရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၂၉ ရက်မှစတင်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသား အမျိုးသမီး မိုက်ခရိုမာရသွန်ပြိုင်ပွဲကျင်းပ

ပုသိမ် ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးစီးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသား အမျိုးသမီးမိုက်ခရိုမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။



**ပန်းဝင်**

ဦးစွာ အမျိုးသား အမျိုးသမီး မိုက်ခရိုမာရသွန်ပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများက ကိုးသိန်းအားကစားကွင်းမှစတင်ကာ မဟာဗန္ဓုလလမ်းမကြီး၊ ပုသိမ်-ရန်ကုန်လမ်းမကြီးအတိုင်း၊ ပုသိမ်မြို့အဝင်မှ ပြန်လှည့်ကာ ကိုးသိန်းအားကစားကွင်းသို့ ပန်းဝင်လာရာအမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နံပါတ်(၀၆၉) မောင်အောင်ပိုင်ဖြိုး၊ အထက-၃ (ပုသိမ်)ပထမ၊ ပြိုင်ပွဲဝင်နံပါတ်(၄၁၇) မောင်ရန်နိုင်ကျော်(ဝါးခယ်မ)ဒုတိယ၊ ပြိုင်ပွဲဝင်နံပါတ်(၄၆၉) မောင်အေးကျော်(မအူပင်) တတိယ၊ ပြိုင်ပွဲဝင်နံပါတ်(၄၄၆) မောင်ကျော်ဇင်မင်း(ကန်ကြီးထောင့်) စတုတ္ထ၊ ပြိုင်ပွဲဝင်နံပါတ်(၅၀၀) မောင်ကျော်ဇင်သန့် (ပုသိမ်) ပဥ္စမနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နံပါတ်(၄၈၃) မနှင်းဝေဖြိုး(မြန်အောင်)ပထမ၊ ပြိုင်ပွဲဝင်နံပါတ်(၀၂၃) မပြည့်ဖြိုးစံ အထက-၁ (ပုသိမ်)ဒုတိယ၊ ပြိုင်ပွဲဝင်နံပါတ်(၄၅၁) မယမင်းအေး(ဖျာပုံ)တတိယ၊ ပြိုင်ပွဲဝင်နံပါတ်(၄၅၂) မနော်လင်းထက်ထက်အောင် (ဖျာပုံ)စတုတ္ထ၊ ပြိုင်ပွဲဝင်နံပါတ် (၅၀၇) မမေသက်နှင်း (ရေကြည်)ပဥ္စမနှင့် ကျန်ပြိုင်ပွဲဝင်များက အစဉ်လိုက် ပန်းဝင်ခဲ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ အမျိုးသား အမျိုးသမီး မိုက်ခရိုမာရသွန်ပြိုင်ပွဲတွင် အထူးဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသမီးမိုက်ခရိုမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ကလည်းကောင်း၊ အမျိုးသား မိုက်ခရိုမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြပြီး ဖွဲ့ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုငွေများ ဆက်လက်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အမျိုးသား အမျိုးသမီး မိုက်ခရိုမာရသွန်ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၄၀၀၊ မြို့နယ်များမှ အားကစားသမား ၁၀၀ ကျော် စုစုပေါင်းပြိုင်ပွဲဝင် ၅၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင် ၂၃ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံတက္ကသိုလ်၌ ဥပဒေပညာဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဥပဒေပညာဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။



ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ဝဏ္ဏကျော်ထင်ဒေါက်တာမောင်မောင်သိမ်းက " ထူးချွန်အောင်မြင်သော ဥပဒေပညာရှင်ဖြစ်လိုသော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်၍ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက ဟောပြောပေးခဲ့သော ဝဏ္ဏကျော်ထင်ဒေါက်တာ မောင်မောင်သိမ်းအား အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

အဆိုပါဟောပြောပွဲသို့ ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ/ဌာနမှူး ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**




# မွန်ပြည်နယ် ရေးမြို့နယ်၌ သစ်ပင်စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရေး ဇူလိုင် ၃၀

မွန်ပြည်နယ် ရေးမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းအသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်-၃ ဒေါ်အိအိဖြိုးက ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေနိုင်က သစ်ပင်များရှင်သန်ရေး ပြုစုစိုက်ပျိုးနည်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်ရေး စသည်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ MNL မှ

ကချင်ယူနိုက်တက်အသင်းက နှစ်ပွဲကစားလေးမှတ်ရထားပြီး ဧရာဝတီရိန်းဂျားအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းက Chinland အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲမှာ အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး နှစ်သင်းပေါင်းသွင်းဂိုး ၁၀ ဂိုးအထိ ရှိခဲ့သည်။ ရွှေပြည်သာယူနိုက်တက်အသင်းအတွက် ဂိုးများကို ကိုးမိနစ်တွင် ရန်ပိုင်လင်းထက်၊ ၂၈ မိနစ်တွင် ဒါဒီဂျူနီယာ၊ ၅၂၊ ၅၄၊ ၆၀ မိနစ်တွင် ချစ်ထွေး၊ ၉၀+၂ မိနစ်တွင် စောဖွေးတို့က သွင်းယူပြီး Chinland အသင်းအတွက် ဂိုးများကို ၇၊ ၄၉၊ ၇၃ မိနစ်တွင် လှဖုန်းဦး၊ ၁၇ မိနစ်တွင် ဝေယံထွန်းတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရွှေပြည်သာယူနိုက်တက်အသင်းအတွက် ဟက်ထရစ်သွင်းယူသည့် ချစ်ထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Chinland အသင်းတို့ နှစ်ပွဲကစားသုံးမှတ်စီ ရရှိထားသည်။

ပွဲစဉ်(၂) ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် Glory Goal အသင်း၊ တက္ကသိုလ်ကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

# ကျေးလက်လမ်းများ ရာသီမရွေးကောင်းမွန်ရေးမှသည် စီးပွားရေးဖွံ့ဖြိုးရေးဆီသို့

ခန့်ဇော်(ကျေးလက်)

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၇ ခုနှစ်တွင် ကျေးလက်လမ်းမဟာဗျူဟာနှင့်အတူ မွေးဖွားလာပြီး မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဦးစီးဌာန ဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ ၂၀၁၇-၂၀၃၀ ကို ၂၀၁၇ ခုနှစ်တွင် Asia Development Bank (ADB)၏ အကူအညီဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းရေးဆွဲခဲ့သည်။

မဟာဗျူဟာ၏ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မှတ်ပုံတင်ထားသော ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ရာသီမရွေးသွားလာအသုံးပြုနိုင်သောလမ်းများဆောင်ရွက်ရန် ဖြစ်ပါသည်။ လူဦးရေ ၁၀၀၀ အထက်ရှိသော ကျေးရွာအားလုံး ၂၀၂၀ ပြည့်နှစ်တွင် ၎င်းလူဦးရေ ၅၀၀ နှင့်အထက် မှတ်ပုံတင်ထားသော ကျေးရွာများ၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်းများဖြစ်ရန် လျာထားဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီမံခန့်ခွဲလျက်ရှိသော မှတ်ပုံတင်ပြီးဖြစ်သည့် ကျေးလက်လမ်းမိုင်ပေါင်း ၆၀၀၀၀ ရှိပါသည်။ ကျေးရွာချင်းဆက်လမ်း၏ ခြောက်ရာခိုင်နှုန်းသာ ရေပိတ်လွှာမျက်နှာပြင်ဖြစ်သည့် ကွန်ကရစ် သို့မဟုတ် ကတ္တရာမျက်နှာပြင်များဖြစ်ပြီး ၂၈ ရာခိုင်နှုန်းသော လမ်းများသည် အမာခံလမ်း (ကျောက်အရောမျက်နှာပြင် သို့မဟုတ် ကျောက်စရစ်မျက်နှာပြင် သို့မဟုတ် မြေနီ) မျက်နှာပြင်များ ဖြစ်ပါသည်။ ယင်းသည် ကျေးလက်လမ်းများ၏ သုံးပုံ တစ်ပုံခန့်သည် လတ်တလော အဆင့်မြှင့်ထားသော မျက်နှာပြင်များရှိနေပြီး အများစုမှာ တစ်နှစ်ပတ်လုံး သွားလာနိုင်မည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။ ကျန်ရှိသော ကျေးလက်လမ်းများ၏ သုံးပုံ နှစ်ပုံသည် မြေသားလမ်းများပါဝင်ပြီး ယင်းလမ်းများကို ခြောက်သွေ့ရာသီများတွင်သာ အသုံးပြုသွားလာနိုင်ပါသည်။ မိုင် ၆၀၀၀၀ အရှည်ရှိသော မှတ်ပုံတင်ပြီးသည့် ကျေးလက်လမ်းများအပြင် မိုင် ၆၀၀၀ ခန့်အရှည်ရှိသော ဂျစ်ကားနှင့် ဆိုင်ကယ်များအတွက် လမ်းများ၊ လှည်းလမ်းများနှင့် လူသွားလမ်းများလည်း ရှိပါသေးသည်။ ၎င်းလမ်းအများစုသည် ချင်းပြည်နယ်တွင်ရှိပါသည်။ မဟာဗျူဟာရေးဆွဲခဲ့သည့် ၂၀၁၇ ခုနှစ်ကာလ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းမျက်နှာပြင် အမျိုးအစားအလိုက် ကျေးလက်လမ်း(မိုင်) အခြေပြုပုံကို ဖော်ပြထားပါသည်-




ဖော်ပြပါပုံအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ကွန်ကရစ်/ ကတ္တရာ၊ ကျောက်/ ဂဝံနှင့် မြေသားလမ်း မိုင်အနေဖြင့် ၄၇၁၅၃ မိုင်နှင့် ရာခိုင်နှုန်းအနေဖြင့် ၈၀ ရာခိုင်နှုန်းရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သောကွန်ကရစ်/ကတ္တရာ၊ကျောက်/ဂဝံနှင့် မြေသားလမ်းမိုင်အနေဖြင့် ၁၂၃၀၈ မိုင်နှင့် ရာခိုင်နှုန်းအနေဖြင့် ၂၀ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းလမ်းမိုင် ၅၉၄၆၁ မိုင်နှင့် ၁၀၀ ရာခိုင်နှုန်းအသီးသီး ဖြစ်ပါသည်။

## မဟာဗျူဟာအကောင်အထည်ဖော်မှု

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ခုနစ်နှစ်တာကာလအတွင်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၃-၂၀၂၄ အထိ) ၁၉၄၂၈ မိုင်ကျော် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

| လမ်းအမျိုးအစား | | မိုင် / ဖာလုံ | တံတားအမျိုးအစား | | အရေအတွက် | ပေ |
|---|---|---|---|---|---|---|
| ကွန်ကရစ်လမ်း | - | ၂၅၂၅ / ၄.၂၇ | ကွန်ကရစ် | - | ၃၄၅၁ စင်း | ၂၂၆၁၈၇ ပေ |
| ကတ္တရာလမ်း | - | ၁၇၇၇ / ၀.၁ | သစ်သား | - | ၈၄ စင်း | ၃၆၀၀ ပေ |
| ကျောက်ချောလမ်း | - | ၃၁၇၃ / ၁.၆ | ကြိုး/ ဘေလီ | - | ၂၅၁ စင်း | ၃၉၈၃၂ ပေ |
| ဂဝံ/ ဂျင်းကျောက် | - | ၆၀၉၁ / ၂.၁၃ | ရေကျော် | - | ၆၄၇ စင်း | ၄၈၆၈၁ ပေ |
| မြေသားလမ်း | - | ၅၈၆၁ / ၁.၈၅ | Box/ Pipe Culvert | - | ၉၆၀၄ စင်း | ၄၃၆၁၀ ပေ |
| **စုစုပေါင်း** | - | **၁၉၄၂၈မိုင်/၁.၉၅ဖာလုံ** | **စုစုပေါင်း** | - | **၁၄၀၃၇ စင်း** | **၃၆၁၉၁၀ ပေ** |

ကျေးလက်လမ်း/ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေ(ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်) ရရှိမှုအနေဖြင့် အနည်းဆုံးခုနှစ်မှာ ၂၀၁၇ ဘဏ္ဍာနှစ်ဖြစ်ပြီး ဘီလီယံ ၁၄၀ ရရှိခဲ့၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အများဆုံး ၅၆၅ ဘီလီယံ ရရှိခဲ့သည်ကို တွေ့ရပါသည်။




မြေသားလမ်းများသည် ခြောက်သွေ့ရာသီတွင်သာ သွားလာနိုင်ပြီး ဂဝံနှင့် ဂျင်းကျောက်များသည် မိုးနည်းဒေသများတွင် ရာသီမရွေးသွားလာအသုံးပြုနိုင်ပါသည်။ ရာသီမရွေးသွားလာနိုင်သော လမ်းများဆောင်ရွက်နိုင်ခဲ့မှုသည် ၁၃၅၆၇ မိုင်/သုည ဒသမ ၁ ဖာလုံနှင့် မြေသားလမ်း ၅၈၆၁ မိုင်/ ၁ ဒသမ ၈၅ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်သို့ သွတ်သွင်းဖွဲ့စည်းခဲ့ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး ဌာနအလိုက် ဆောင်ရွက်သင့်သည့် လမ်းများကို အမျိုးအစားအလိုက် ခွဲဝေသတ်မှတ် ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုရှိရန်လိုအပ်သည့်အတိုင်း ပုံမှန်ဆက်သွယ်ညှိနှိုင်းမှုအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသည့် အစည်းအဝေးများတွင်လည်း ညှိနှိုင်းဆောင်ရွက်သည့်စနစ် ချမှတ်ဆောင်ရွက်နေပါသည်။ ညှိနှိုင်းဆောင်ရွက်သည့်နေရာတွင် ကုန်ထုတ်လမ်းများနှင့် ကျေးလက်လမ်းကွန်ရက်များချိတ်ဆက်မှု၊ ရွာတွင်းလမ်းများနှင့် ကျေးလက်လမ်းကွန်ရက်များချိတ်ဆက်မှု၊ ကျေးလက်လမ်းများနှင့် မြို့ချင်းဆက်လမ်းများချိတ်ဆက်မှုများ စနစ်တကျရှိရေး၊ စီမံကိန်းများမထပ်စေရေးနှင့် ဦးစားပေးရွေးချယ်မှုများ ထိရောက်စေရေးတို့ကို မြို့နယ်အဆင့်မှသည် ပြည်ထောင်စုအဆင့်အထိ ညှိနှိုင်းတိုင်ပင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသော မှတ်ပုံတင်ထားသည့်လမ်းစာရင်းနှင့် မှတ်ပုံမတင်ရသေးသော်လည်း ဆောင်ရွက်ပေးထားမှု စာရင်းများအရ ၂၀၂၃-၂၀၂၄ နှစ်ကုန်တွင် လမ်းမိုင်ပေါင်း ၄၃၉၇၇ မိုင် ၄ ဖာလုံ ရှိပါသည်။

| | | | | |
|---|---|---|---|---|
| (က) | ကွန်ကရစ်လမ်း | ၂၆၂၃ မိုင် | ၂.၈၃ ဖာလုံ | ရာသီမရွေး သွားလာနိုင်သော လမ်းမိုင် (၁၄၁၂၀)မိုင် (၇.၁၈) ဖာလုံ (၃၂.၁၁)% |
| ( ခ ) | ကတ္တရာလမ်း | ၂၁၅၉ မိုင် | ၂.၄၆ ဖာလုံ | |
| ( ဂ ) | ကျောက်လမ်း | ၅၁၈၂ မိုင် | ၅.၄၃ ဖာလုံ | |
| (ဃ) | ဂဝံ/မြေနီ/ ကျောက်စရစ် (ရာသီမရွေး) | ၄၁၅၅ မိုင် | ၄.၄၆ ဖာလုံ | |
| ( င ) | မြေသားလမ်း (ခြောက်သွေ့ ရာသီ) | ၂၅၉၁၃ မိုင် | ၁.၇၅ ဖာလုံ | ခြောက်သွေ့ရာသီတွင် သွားလာနိုင်သော လမ်းမိုင် (၂၉၈၅၆)မိုင် (၄.၈၆) ဖာလုံ (၆၇.၈၉)% |
| ( စ ) | ဆိုင်ကယ်လမ်း | ၃၉၄၃ မိုင် | ၃.၁၁ ဖာလုံ | |
| | **စုစုပေါင်း** | **၄၃၉၇၇ မိုင်** | **၄.၀၄ ဖာလုံ** | |




ရာသီမရွေးသွားလာနိုင်သောလမ်းမှာ ၃၂ ဒသမ ၁၁ ရာခိုင်နှုန်းသာရှိပြီး ခြောက်သွေ့ရာသီမှ သွားလာနိုင်သော မြေသားလမ်းနှင့် အဆင့်မြှင့်ရန်လိုအပ်သည့် ဆိုင်ကယ်လမ်းများက ၆၇ ဒသမ ၈၉ ရာခိုင်နှုန်းရှိခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်အထိ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစ၍ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခြောက်နှစ်တာကာလအတွင်း မူလရည်မှန်းထားသည့် ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင်ရန်မှာ စိန်ခေါ်မှုများစွာရှိနေသည်ကို သုံးသပ်တွေ့ရှိရပါသည်။

## စိန်ခေါ်မှုများ

အဓိကစိန်ခေါ်မှုများမှာ ဒေသတည်ငြိမ်အေးချမ်းမှုမရှိ၍ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် လိုအပ်ချက်များပြီး ဒေသတွင်းအခြေအနေများအရ ဖွံ့ဖြိုးရေးလုပ်ငန်းများ မလုပ်နိုင်သည်ကို တွေ့ရပါသည်။ ဒါ့အပြင်အခြေအနေအရ ၎င်းဒေသများတွင် ပုံမှန်ဈေးနှုန်းထက် နှစ်ဆ/သုံးဆ များနေသည့်အတွက် စီးပွားရေးတွက်ခြေကိုက်မှုမရှိသည်ကို တွေ့ရပါသည်။ ယင်းအခြေအနေများကြောင့် ဘဏ္ဍာငွေရရှိမှုသည်လည်း အကန့်အသတ်ရှိလာပါသည်။

## ရာသီမရွေးသွားလာနိုင်မှု

ရာသီမရွေး သွားလာနိုင်သော ကျေးရွာများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် ၁၈၈၈၃ ရွာရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကုန်တွင် ၂၀၇၀၄ ရွာအထိ ရှိလာမည်ဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည့် ကျေးရွာပေါင်းမှာ စာရင်းများအရ ၄၁၆၂၀ ရွာရှိပြီး ၂၀၂၃ ခုနှစ် GAD စာရင်းအရ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၆၃၂၁၇ ရွာဖြစ်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော ကျေးလက်လမ်းများကို အသုံးပြုမည့် ကျေးရွာများမှာ ၆၅ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ မှတ်ပုံမတင်ရသေးသော ကျေးရွာများအတွက်ပါ ဆောင်ရွက်နေရခြင်းကြောင့် ကျေးရွာ ၇၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ကျန်ကျေးရွာများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ဆောင်ရွက်နေသော အမြန်လမ်းများ၊ မြို့ချင်းဆက်လမ်းများပေါ်တွင် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိတည်ရှိပြီး မြို့ချင်းဆက်လမ်းများပေါ်တွင်တည်ရှိ၍ ရာသီမရွေးသွားလာနိုင်သည့်အနေအထားဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **စာမျက်နှာ ၁၂ သို့** ■

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအောင်မြေမြို့နယ်အတွင်းရှိ MSME စားသောက်ကုန်လုပ်ငန်းများကို လိုက်လံကြည့်ရှု

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မဟာအောင်မြေမြို့နယ်အတွင်းရှိ BECAUSE ကော်ဖီလုပ်ငန်းနှင့် ရွှေဥစားသောက်ကုန်လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် (၄၁) လမ်း (A)၊ (၆၃) လမ်းနှင့် (၆၄) လမ်းကြားရှိ BECAUSE ကော်ဖီလုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းရှင်ဒေါ်လင်းလင်းခိုင်က ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန် လိုအပ်သည့် အထောက်အပံ့များ ပံ့ပိုးဆောင်ရွက်ပေးခြင်းများကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့ ကော်ဖီသည် နိုင်ငံတကာဈေးကွက်ဝင် နာမည်ကောင်း ရရှိနေပြီဖြစ်ကြောင်း၊ ကော်ဖီကဏ္ဍနှင့် ကော်ဖီတန်ဖိုး ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ပြောကြားပြီး ကော်ဖီကုန်ကြမ်းများ၊ ထုတ်ကုန်အမျိုးအစားများနှင့် တိုးချဲ့အလုပ်ရုံ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် (၃၅) လမ်းနှင့် (၃၆) လမ်းကြား၊ (၇၈) လမ်းနှင့် လမ်း (၈၀) ကြားရှိ ရွှေဥစားသောက်ကုန်လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းရှင် ဒေါ်ဝေဝေထွန်းက ကုန်ကြမ်းအား ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် ကောက်ညှင်းဆန်ကို အသုံးပြု၍ အခြေခံအသင့်စား မီနီကောက်ညှင်းခွက်မုန့်အမျိုးအစား ၂၀ စီမံထုတ်လုပ်ဖြန့်ချိနေမှု၊ ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် ရေညှိလိပ်ကြော် ကိုယ်တိုင်တီထွင်ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

■ စာမျက်နှာ ၁၁ မှ

နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော နယ်စပ်ဒေသလမ်းများပေါ်တွင် ၁၅ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ မျှော်မှန်းချက်ထားပြီး မဟာဗျူဟာကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသည့် ရာသီမရွေးသွားလာနိုင်သော ကျေးရွာပေါင်း ၃၅၇၅၀ ခန့်ဖြစ်အောင် လျာထားဆောင်ရွက်မည်ဖြစ်၍ ၈၅ ရာခိုင်နှုန်းခန့် ရာသီမရွေးသွားလာနိုင်ရန် မျှော်မှန်းထားပါသည်။

**ပြည်နယ်/ တိုင်းဒေသကြီးဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလိုအပ်ချက်နှင့် လုပ်ငန်းစီမံချက်လျာထားမှု**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်လမ်း မိုင်ပေါင်း ၂၄၇၀၇ မိုင်/၃ ဒသမ ၂၅ ဖာလုံကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေလိုအပ်ချက်အနေဖြင့် စုစုပေါင်း ငွေကျပ်သန်း ၇၆၃၈ ဘီလီယံရှိပြီး ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ပျမ်းမျှရန်ပုံငွေလိုအပ်မှုအနေဖြင့် ဘီလီယံ ၁၁၀၀ ခန့် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်လမ်းလုပ်ငန်းများကို စီမံဆောင်ရွက်မည့် အခြေအနေမှာ-

| | | |
|---|---|---|
| ကွန်ကရစ်/ကတ္တရာ/ ကတ္တရာထပ်ပိုးလွှာ | - | ၅၇၇၀ မိုင်/၇.၇၄ဖာလုံ |
| ကျောက်/ ဂဝံ/ မြေနီ | - | ၁၇၀၃၃ မိုင် / ၀.၆၈ ဖာလုံ |
| မြေသား | - | ၁၉၀၃ မိုင် / ၂.၈၃ ဖာလုံ |
| **စုစုပေါင်း** | - | **၂၄၇၀၇ မိုင်/ ၃.၂၅ ဖာလုံ** |

ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်တံတားလုပ်ငန်းများကို စီမံဆောင်ရွက်သွားမည့် အခြေအနေမှာ-

| တံတားအမျိုးအစား | အရေအတွက် | | ပေ |
|---|---|---|---|
| ကွန်ကရစ် | ၈၄၈ | စင်း | ၅၈၃၉၁ ပေ |
| Submersible Bridge | ၁ | စင်း | ၂၀၀ ပေ |
| ရေကျော် | ၄၃ | စင်း | ၃၄၂၀ ပေ |
| Box Culvert | ၄၃၃၂ | စင်း | ၁၉၄၂၃ ပေ |
| အခြား | ၂၀၆ | စင်း | ၄၂၆၄၉ ပေ |
| **စုစုပေါင်း** | **၅၄၃၀** | **စင်း** | **၁၂၄၀၈၃ ပေ** |

တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျေးလက်လမ်းကွန်ရက်များနှင့် စီးပွားရေးဖွံ့ဖြိုးမှု**

ကျေးလက်လမ်းများဆောင်ရွက်မှုသည် ကျေးလက်စီးပွားမြင့်မားရေးအတွက် များစွာအထောက်အကူဖြစ်၍ ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရေး။** ။ ကုန်ထုတ်လမ်းများ၊ ကျေးလက်လမ်းများ ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်များသို့ အလွယ်တကူ ချောချောမွေ့မွေ့ ပို့ဆောင်နိုင်စေပြီး ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်စေပါသည်။ သစ်သီးဝလံများ၊ သားငါးများကို ဈေးကွက်သို့ အချိန်မီရောက်ရှိစေခြင်းဖြင့် လတ်ဆတ်သော ထုတ်ကုန်များကို ဖြန့်ဖြူးနိုင်ပါသည်။

**ကုန်ကျစရိတ်လျှော့ချနိုင်မှု။** ။ ကျေးလက်လမ်းများ ကောင်းမွန်ခြင်းကြောင့် အချိန်ကိုသက်သာစေခြင်းနှင့် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစရိတ်ကိုလျှော့ချနိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက် အကျိုးများစေပါသည်။

**အလုပ်အကိုင်ဖန်တီးမှု။** ။ လမ်းများကောင်းမွန်လာခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု စသည့်အခြေအနေများကြောင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အလုပ်လက်မဲ့ဦးရေကို လျှော့ချနိုင်ခြင်းအပြင် မိသားစုဝင်ငွေကိုလည်း တိုးပွားလာစေနိုင်ပါသည်။

**အရင်းအနှီးရယူမှု။** ။ ကျေးလက်ဒေသလမ်းကွန်ရက်များ ကောင်းမွန်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မှု အခြေအနေများ တိုးပွားလာစေနိုင်ပါသည်။

**✳ ကုန်ထုတ်လမ်းများ၊ ကျေးလက်လမ်းများ ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်များသို့ အလွယ်တကူ ချောချောမွေ့မွေ့ ပို့ဆောင်နိုင်စေပြီး ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်စေပါသည်။ သစ်သီးဝလံများ၊ သားငါးများကို ဈေးကွက်သို့ အချိန်မီရောက်ရှိစေခြင်းဖြင့် လတ်ဆတ်သောထုတ်ကုန်များကို ဖြန့်ဖြူးနိုင်**

**✳ လမ်းများကောင်းမွန်လာခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု စသည့်အခြေအနေများကြောင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အလုပ်လက်မဲ့ဦးရေကို လျှော့ချနိုင်ခြင်းအပြင် မိသားစုဝင်ငွေကိုလည်း တိုးပွားလာစေနိုင်**

**ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ။** ။ ကျေးလက်ဒေသလမ်းကွန်ရက်များ ကောင်းမွန်လာမှုကြောင့် ကျေးလက်ဒေသတွင် နေထိုင်သူ ကျေးလက်ပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လွယ်ကူစွာရရှိနိုင်ရန် အထောက်အကူဖြစ်စေပါသည်။

**သုံးသပ်တွေ့ရှိချက်များ**

ကျေးလက်လမ်းမဟာဗျူဟာ အကောင်အထည်ဖော်နိုင်မှုကို ပြန်လည်သုံးသပ်ချက်၊ တွေ့ရှိချက်များမှာ-

(က) မြေပြင်အခြေအနေအမှန် လမ်းစာရင်းများ၊ လမ်းအမျိုးအစားများ၊ အသုံးပြုမှုများနှင့် ဖွံ့ဖြိုးရေးအလားအလာ စာရင်းအချက်အလက်များကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် MIS စနစ်ထားရှိရန် လိုအပ်ပါသည်။

( ခ ) စီမံကိန်းလျာထားရာတွင် မဟာဗျူဟာရည်မှန်းချက်ပါ ဦးစားပေးအစီအစဉ် ရွေးချယ်ရာတွင် ကျေးရွာတစ်ရွာအတွက် Core Rural Road Network (CRRN) လမ်းကွန်ရက်တစ်ခုရှိရေးကို ဦးစားပေးရန်။

( ဂ ) လူမှုရေးနှင့် စီးပွားရေး အကျိုးပြုမှုအများဆုံးကို ဦးစားပေးလျာထားရန်။

(ဃ) Paved Road ကွန်ကရစ်/ကတ္တရာလမ်းများ အချိုးနှင့် မြေသားလမ်းများမှ ရာသီမရွေးသွားလာနိုင်မည့် ကျောက်ချောလမ်း/ဂဝံ/ ရိုစာလမ်းများ လျာထားမှုကို အချိုးအစားမျှတစွာ လျာထားရန်နှင့် စီမံချက်အတိုင်း လျာထားရန်။

( င ) ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဘက်စုံဆောင်ရွက်ရန်။

( စ ) အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရန်။

(ဆ) စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးပြည့်မီသည့် လမ်းဒီဇိုင်းဖြစ်ရန်၊ ဒေသအလိုက်ထွက်ရှိသည့် ပစ္စည်းများကို စနစ်တကျဓာတ်ခွဲစမ်းသပ်ပြီး လမ်းဒီဇိုင်းပြုလုပ်ရန်နှင့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်။

( ဇ ) ဌာနဆိုင်ရာများအကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်။

( ဈ ) နှစ်စဉ်လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေသည် ကန့်သတ်ချက်ရှိ၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ ကျေးလက်ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများ၊ နည်းလမ်းများလည်း စဉ်းစားဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကျေးလက်လမ်းများသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အလွန်အရေးကြီးပြီး လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက်လည်း အလွန်ပင် အရေးပါပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ပါ၍ ကျေးလက်လမ်းမဟာဗျူဟာ ရည်မှန်းချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသုံးပြုသူ ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**

**အမျိုးသားအဆင့်ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ (၂၀၁၇)**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာပြန်လည်သုံးသပ်ခြင်း (၂၀၂၄)**

# မလေးရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့



**ကွာလာလမ်ပူ ဇူလိုင် ၃၀**

မလေးရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း တရားဝင်အချက်အလက်များက ဇူလိုင် ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ စာရင်းအင်းဌာန (DOSM)၏ ဖော်ပြချက်အရ ယမန်နှစ်က အလုပ်လက်မဲ့နှုန်းသည် ၂၀၁၉ ခုနှစ်တွင် ရှိခဲ့သည့် ၃ ဒသမ ၃ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလုနီးပါးဖြစ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် အလုပ်ခန့်အပ်ခံရသူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကာ လူပေါင်း ၁၅ ဒသမ ၈၁ သန်းအထိ အလုပ်အကိုင်ရရှိခဲ့ကြောင်း သိရသည်။

အကျိုးဆက်အနေဖြင့် အလုပ်အကိုင်နှင့် လူဦးရေအချိုးသည် စီးပွားရေးတစ်ခု၏ အလုပ်အကိုင်ဖန်တီးနိုင်မှုကို ညွှန်ပြသော ကိန်းဂဏန်းအရ တစ်နှစ်ထက်တစ်နှစ် ၆၇ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။

ယင်းကြောင့် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက စုစုပေါင်း အလုပ်သမားဦးရေ ၁၆ ဒသမ ၃၇ သန်းအထိ အလုပ်အကိုင်ရရှိလာခဲ့သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် မြင့်မားသော လုပ်သားပါဝင်မှုနှုန်းကို မှတ်တမ်းတင်ခဲ့ပြီး အလုပ်အကိုင်ရရှိမှုနှုန်း ၇၀ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# လာအိုနိုင်ငံ၌ မိုးရာသီတွင် ဆည်များကြံ့ခိုင်ရေးဆောင်ရွက်ရန် ညွှန်ကြား



**ဗီယင်ကျန်း ဇူလိုင် ၃၀**

လာအိုနိုင်ငံ၌ မိုးရာသီတွင် ဆည်များကြံ့ခိုင်ရေး ဆောင်ရွက်ရန် နိုင်ငံတစ်ဝန်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများအား လာအိုစွမ်းအင်နှင့် သတ္တုတွင်း ဝန်ကြီးဌာနက ညွှန်ကြားခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ယမန်နှစ်အတွင်းက ရရှိခဲ့သည့် သင်ခန်းစာများကို အခြေခံ၍ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များကို ယင်းဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ရေကြီးရေလျှံမှုများ ကာကွယ်တားဆီးရေးနှင့် ဆည်ကြံ့ခိုင်ရေးစောင့်ကြည့်ရန် ဒေသန္တရတာဝန်ရှိသူများနှင့် ရေအားလျှပ်စစ်ဆိုင်ရာ တာဝန်ရှိသူများ အပါအဝင် သက်ဆိုင်သူများအား ညွှန်ကြားထားသည်။ ရေကြီးရေလျှံမှုဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများအား ညွှန်ကြားထားပြီး ဒေသခံများအား လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ကြိုတင်အသိ ပေးသင့်သည်များကို အသိပေးရန် ညွှန်ကြားခဲ့သည်။ အနာဂတ်ကာလတွင် ဆည်ထိန်းချုပ်ရေး စင်တာများကို တည်ထောင်မည်ဖြစ်ပြီး သဘာဝဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်မည်ဟု သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ မြေပြိုမှုများ ဖြစ်ပွား၊ ၁၀၀ နီးပါး သေဆုံး



**နယူးဒေလီ ဇူလိုင် ၃၀**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ ယနေ့တွင် မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံး ၉၅ ဦးသေဆုံးပြီး ၁၁၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ ကီရာလာပြည်နယ် ဝါယာနတ်ခရိုင် မက်ပါဒီဒေသတွင် ယနေ့နံနက် ၂ နာရီက ဒေသခံများအိပ်နေချိန်တွင် အနည်းဆုံးမြေပြိုမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကူညီကယ်ဆယ်ရေးဆောင်ရွက်**

လက်ရှိအချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှ မြေပြိုမှုများကြားတွင် ပိတ်မိနေသည့် ဒေသခံများကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ရန် အိန္ဒိယတပ်မတော်သားများက ဆောင်ရွက်နေသည်။ မြေပြိုမှုဖြစ်ပွားရာဒေသရှိ ဒေသခံများမှာ ပြည်နယ်အတွင်းရှိ ချာလီယာမြစ်အတွင်း ရေစီးဖြင့်မျောပါခဲ့ပြီး ဝါယာနတ်ခရိုင်ရှိ တံတားတစ်စင်းကျိုးကျ ပျက်စီးခဲ့သည်။ အိန္ဒိယတပ်မတော်မှ ဆေးတပ်ဖွဲ့ဝင်များအပါအဝင် တပ်ဖွဲ့ဝင် ၂၂၅ ဦးအား အခင်းဖြစ်ဒေသသို့စေလွှတ်ခဲ့ပြီး လေတပ်မှ ရဟတ်ယာဉ်နှစ်စင်းကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေလွှတ်ခဲ့သည်။ ဖြစ်စဉ်အတွင်း သေဆုံးခဲ့သူတစ်ဦးချင်းစီအတွက် ရူပီး နှစ်သိန်းနှင့် ဒဏ်ရာရရှိသူတစ်ဦးချင်းစီအတွက် ရူပီးငါးသောင်း ပေးအပ်မည်ဟု ဝန်ကြီးချုပ်ရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်ချောထည်ပစ္စည်းများတင်ပို့မှု ၂၀၂၄ ခုနှစ်တွင် ကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံရှိမည်ဟု မျှော်လင့်ထား

**ဟနွိုင်း ဇူလိုင် ၃၀**

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်အချောထည် ပစ္စည်းများ တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိမည်ဟု မျှော်လင့်ထားကြောင်း ဟိုချီမင်း စီးတီး လက်မှုလုပ်ငန်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ် နယူးစ်က ဇူလိုင် ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်အချောထည်ပစ္စည်း တင်ပို့မှုမှာ ယခုနှစ် ဒုတိယနှစ်ဝက်တွင် အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု လက်မှုလုပ်ငန်းနှင့် သစ်လုပ်ငန်းရှင်များ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါ သတင်းစာက ဖော်ပြခဲ့သည်။



ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်အချောထည်ပစ္စည်း များကို အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းကဲ့သို့သော ဈေးကွက်သစ်များသို့ တင်ပို့မှုမှာ သိသိသာသာတိုးတက်မှုရှိခဲ့ကြောင်း လက်မှုလုပ်ငန်းနှင့် သစ်လုပ်ငန်းရှင်များ အသင်း၏ ဒုတိယဥက္ကဋ္ဌ ငုယင်ချန်ဖောင်က ဆိုသည်။

ဇူလိုင် ၁၅ ရက်အထိ ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်အချောထည် တင်ပို့မှုမှ ဝင်ငွေသည် ကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံရှိကာ တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်းလည်း အကောက်ခွန်ဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ပါရီအိုလံပစ်အားကစားပြိုင်ပွဲအား တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု လိမ်လည်သည့် ဝက်ဘ်ဆိုက်များရှိဟု ကျွမ်းကျင်သူများ ပြောကြား

**ပါရီ ဇူလိုင် ၃၀**

ပါရီအိုလံပစ်အားကစားပြိုင်ပွဲအား ပရိသတ်များထံ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု လိမ်လည်ကာ ပရိသတ်များထံမှ ကိုယ်ရေးအချက်အလက်များကို လိမ်လည်ရယူသည့် ဝက်ဘ်ဆိုက်များရှိကြောင်း အွန်လိုင်းအင်တာနက်လုံခြုံရေး ကုမ္ပဏီတစ်ခုက သတိပေးပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

**လိမ်လည်သည့် ဝက်ဘ်ဆိုက်များ**

ပါရီအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲများအား တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု လိမ်လည်သည့် ဝက်ဘ်ဆိုက်များကိုဇူလိုင်၂၄ရက်မှစတင်တွေ့ရှိခဲ့ရသည်။ ယင်းဝက်ဘ်ဆိုက်များသည် ဝင်ရောက်ကြည့်ရှုသူများအား ဆိုရှယ်မီဒီယာအကောင့်တစ်ခုဖွင့်လှစ်စေပြီး ယင်းအကောင့်မှတစ်ဆင့် ကိုယ်ရေးအချက်အလက်များကိုရယူခဲ့ကြောင်းနှင့် ဝင်ရောက်ကြည့်ရှုသူသည် မည်သည့်အားကစားပွဲ တိုက်ရိုက်ထုတ်လွှင့်မှုကိုမှ ကြည့်ရှုခွင့်မရခဲ့ကြောင်း သိရသည်။ အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် နှစ်များအတွင်း အားကစားပြိုင်ပွဲဆိုင်ရာ လိမ်လည်သည့် ဝက်ဘ်ဆိုက်များ ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

## ဓမ္မာရုစ်ရွှေဆိုင်ပိုင်ရှင်ကို သတ်ပြီး ရွှေထည်နှင့် ငွေများလုယူခဲ့သူများအား ပြစ်ဒဏ်များ ချမှတ်

ရန်ကုန် ဇူလိုင် ၂၀

ဓမ္မာရုစ်ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေထည်နှင့် ငွေများ လုယူခဲ့သည့် တရားခံများအား ယနေ့တွင် ပြစ်ဒဏ်များ အသီးသီးချမှတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်တရားရုံးမှ သိရသည်။

**ဖမ်းဆီးခေါ်ဆောင်**

ဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက် ည ၇ နာရီခွဲတွင် ဦးမင်းဇော်ဦးနှင့် သားဖြစ်သူတို့က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေးရှိ ဓမ္မာရုစ်ရွှေဆိုင်အားသိမ်းပြီး နေအိမ်သို့ဈေးကြီးလမ်းအတိုင်း လမ်းလျှောက်ပြန်လာရာ ရေတွင်းကုန်း(၂)လမ်းသွယ်ထိပ်အရောက်တွင် ကားတစ်စီးပေါ်မှ ရဲဝတ်စုံများ ဝတ်ဆင်လာသော လူသုံးဦး ကားပေါ်မှဆင်းလာပြီး ဦးမင်းဇော်ဦး၏ခေါင်းအား ရိုက်နှက်၍ ဦးမင်းဇော်ဦးနှင့်အတူ ပါလာသော ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာခန့်၊ ငွေကျပ်သိန်း ၅၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၂၅၀ တို့နှင့်အတူ ကားပေါ်သို့ဆွဲတင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပဲခူးကားလမ်းဘေး ဇီးရိုးမိုင်အနီးတွင် ဦးမင်းဇော်ဦး၏အလောင်းအား တွေ့ရှိရသဖြင့် ရွှေထည်ပစ္စည်း၊ ငွေများကို လုယက်ယူဆောင်ပြီး လူကိုသေစေအောင်အထိ ပြုလုပ်ခဲ့သူအမျိုးသားသုံးဦးအား ဥပဒေအရ အရေးယူပေးပါရန် ကြည့်မြင်တိုင်မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ပြစ်မှုကျူးလွန်သူများဖြစ်ကြသော ဝိုင်းချစ်ကိုကို (ခ)ဖိုးသားလေး(ဘ) ဦးစန်းမြင့်၊ ကိုဖြိုး(ဘ) ဦးစံရှင်၊ ခိုင်ကိုမောင်(ဘ) ဦးစန်းမြင့်၊ ရွှေစင်ရွှေ (ခ)ရွှေစင် (ဘ)ဦးစန်းမြင့်၊ အောင်ဇေယျာပိုင် (ခ) အသေးလေး(ဘ) ဦးစန်းမြင့်နှင့် ကျော်သူဝင်း (ခ)ဗိုလ်ချဲ(ဘ) ဦးဝင်းကြည်တို့အား ပြစ်ဒဏ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၀

စစ်ကိုင်းမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားအနီးတွင် JINBEI HAISE အမျိုးအစား ခရီးသည်တင်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် အောင်ညွှန့်ထံမှ ဘိန်းစိမ်း ၃၇ ဒသမ ၈ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်နွန်း (အာခါ) ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ



အောင်ညွှန့်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

ကျော်စွာလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ပြန်လည်တည်ဆောက်ရေးနဲ့ တည်ငြိမ်လာပြီဖြစ်တဲ့ လှိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့ အကြမ်းဖက် ဘယ်သူက တိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၀

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ "ဝ" ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေဗျဂ်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | စာပဒေသာ...ဝေဆာစေမည် |
| ၀၉:၁၅ | တောင်သူအများပြုံးရွှင်ဖို့ချည်မျှင်ရည်ဝါစိုက်ကြပါစို့ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လွတ်လပ်ပြီးတရားမျှတတဲ့ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ဖို့ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ |
| ၁၁:၁၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၁:၃၅ | ရွှပွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၀၅ | သီချင်းကြိုးပဒေသာ |
| ၁၂:၃၀ | MRTV National News |
| ၁၄:၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၃၄) |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၅၀ | မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ |
| ၁၇:၁၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၁၇:၃၀ | NEXT LEVEL |
| ၁၇:၄၀ | အိုလံပစ်အားကစားပြိုင်ပွဲ (Highlight)(6) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ် (၆) |
| ၁၈:၄၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း'** (အပိုင်း-၂၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၃၅ | (၁၉)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရှပ်စုံသဘင်ပြိုင်ပွဲ) "လူကျေးနဂါးကြွက်လေးပါး" (ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei) |
| 07:10 | Alms Bowl |
| 07:29 | Compelling Benefits of Radiation Technology |
| 07:37 | The Lives of Stone Slab and Mortar Makers |
| 08:01 | News |
| 08:26 | Topics Potpourri; The Key Keeper of Vatican Museums |
| 08:32 | Dhammayangyi Temple |
| 08:47 | Malikha & Fairy Island |
| 09:01 | Introductory Programme of Literary Award Winners: Maung Nai (Dathanika) |
| 09:24 | Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Music & Drama (Episode-1) |
| 09:49 | People's Military Service Law 3 |
| 10:01 | News |

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှမ်းအိုးစည်

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
လူငယ်နှင့်ပတ်ဝန်းကျင် (အပိုင်း-၂)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ဂေဟာစနစ်မပျက်ယွင်းကချင်ပြည်နယ်ကအင်းတော်ကြီး

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
စိတ်ဝင်စားရိုးရာဝေလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)

**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အရိုးပွ ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ထမင်းကြမ်းခဲ၏တန်ဖိုး (ဇာတ်လမ်းတို)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ရှေ့ဟောင်းသမိုင်းဝင်ဆဒ္ဒန်ဂူနှင့်ဆဒ္ဒန်အိုင်

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ချင်းရိုးရာဝတ်အုံအစာသွပ်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ (အပိုင်း-၂)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ခနဲ့ညားရှုယဉ်မွန်တို့အသွင်ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ပြုံးပဒေသာ ((အပိုင်း-၁) (ဇာတ်လမ်း)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၄၅ | SPORTS MAX |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၄၅ | PARIS OLYMPIC GAMES SPECIAL |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဇာသက်ပန်ပေါင်းဖို့ရည်ရွယ်မှုသာ'** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၀) |
| ၁၈:၀၀ | Economic Review |

**MRTV FARMERS' / HTV Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | ဆန်ကိုအခြေခံ၍ကွတ်ကီးမုန့်နှင့်ပေါင်မုန့်ပြုလုပ်ခြင်း |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ |
| ၀၇:၁၅ | ကျေးလက်ကွန်ရက် |
| ၁၈:၀၀ | ချွန်စက် (ဇာတ်လမ်း) |
| ၂၂:၀၀ | A Little things called Love (နိုင်ငံခြားဇာတ်လမ်း) |

**MRTV SPORTS / HTV Sports**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၂၀ | PARIS OLYMPIC GAMES SPECIAL |
| ၀၇:၅၀ | Weekly MNL Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော လွိုင်ကော်မြို့ ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများအား ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

လွိုင်ကော် ဇူလိုင် ၃၀

ကယားပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ယခုအခါ လွိုင်ကော်မြို့တွင် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် အခြေချနေထိုင်လျက်ရှိသည်။

ထိုကဲ့သို့ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကူးသန်းရောင်းဝယ်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများကိုမနာလိုမရှုဆိတ်သော KNDF/ KNPP/ PDF အမည်ခံ သောင်းကျန်းသူများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေပြီး စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်ကာ လွိုင်ကော်မြို့ တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ရက်စက်ယုတ်မာစွာ ဇူလိုင် ၂၉ ရက် ည ၉ နာရီခန့်တွင် လူနေရပ်ကွက်များအတွင်းသို့ အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သာသနိက အဆောက်အအုံများ၊ ဘုရားစေတီနှင့် လူနေအိမ်များ



ပေါ်သို့ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရပြည်သူများအား တာဝန်ရှိသူများက လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အပြစ်မဲ့ထိခိုက်ဒဏ်ရာရလူနာများအား ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လှည့်လည်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို အသေးစိတ်မေးမြန်းကာ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေ၊ ဆေးပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိ လူနာများနှင့် တပ်မိသားစုဝင်များအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် လွိုင်ကော်မြို့ တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်မှုမရှိသော မြို့ရွာ/ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူများ၏ နေအိမ်များ၊ ဘုရားစေတီပုထိုးများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့ သည့် “Min Min” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်နေ မင်းစိုးအောင်(ခ) မင်းမင်းအား ည ၇ နာရီ မိနစ် ၄၀ တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၃၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ ဇူလိုင် ၂၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




**ခိုအောင်းလှုပ်ရှားနေ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်တွင် ကုက္ကိုခွကျေးရွာအုပ်စုအနီးဝန်းကျင်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ နေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုများမရှိကြောင်း သိရသည်။

**လုပ်ကြံရေးသားဝါဒဖြန့်ဝေနေ**

၎င်း PDF အမည်ခံ အကြမ်းဖက်သမားများသည် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အဓမ္မငွေကြေးကောက်ခံခြင်းနှင့် ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

ရေကြည် ဇူလိုင် ၃၀

ရောဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရေကြည်မြို့နယ် သပြေကွင်းကျေးရွာရှိ မိုးဃ်းကောင်းစေတီတော် ဓမ္မာရုံ၌ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရောဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းအောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျေးရွာတွင် အသုံးပြုရန် အမှိုက်ပုံးများ လှူဒါန်းခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှုအကြောင်း သိကောင်းစရာအသိပညာပေး လက်ကမ်းစာစောင် ၁၀၀ အား ဖြန့်ဝေခြင်းနှင့် စားသုံးရန်မုန့်များ ပေးဝေခဲ့ကြောင်း၊ အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မုံရွာမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် မိမိတို့တိုင်းဒေသကြီးအနေဖြင့် ဘာသာရပ်အဆင့်ဆင့် ပြိုင်ပွဲများတွင် အရည်အချင်းရှိရှိ အဆင့်အတန်းမြင့်မြင့် သမာသမတ်ကျကျဖြင့် ဘာသာရပ်များကို လေ့ကျင့်မှုအားကောင်းစွာဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရန် လိုအပ်ကြောင်း၊ အနုပညာရှင်ကြီးများကလည်း မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအမွေအနှစ်များ ပေးသွားကြရန်လိုအပ်ကြောင်း၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ဦးတည်ချက်များကို ထမြောက်အောင်မြင်အောင် တာဝန်ပေးအပ်ထားရှိသည့် ကော်မတီဝင်များက လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းတို့က တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပသွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ဖိတ်ကြား/ကြိုဆို/နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ ပို့ဆောင်ရေးကော်မတီ တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနကလည်းကောင်း၊ ပြန်ကြားရေးသတင်းကော်မတီ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်းကောင်း၊ လုံခြုံရေးကော်မတီ တိုင်းဒေသကြီးရဲတပ်ဖွဲ့ကလည်းကောင်း၊ ကျန်းမာရေးကော်မတီ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်းကောင်း၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနကလည်းကောင်း၊ ဆုချီးမြှင့်ရေးကော်မတီ တိုင်းဒေသကြီး စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ အကဲဖြတ်လုပ်ငန်းကော်မတီ တိုင်းဒေသကြီး စစ်ကိုင်းခရိုင် ကျေးလက်လမ်းဦးစီးဌာနကလည်းကောင်း၊ ပြိုင်ပွဲဝင်စိစစ်ရေးကော်မတီ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှလည်းကောင်း တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ညောင်တုန်းမြို့၌ ပညာရေးငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေး ကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၀**

ညောင်တုန်းမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းကျောင်း(အရှေ့ပိုင်း) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးယဉ်ထွေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်းတိုးတက်အောင်မြင်မှုများကို အကျဉ်းချုပ်အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နွယ်နီအေးက အသင်းသားများ ငွေစုငွေချေးလုပ်ငန်းပိုင်းဆိုင်ရာများ၊ စည်းမျဉ်းစည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ဖတ်ကြားရှင်းလင်း**

ထို့နောက် အသင်းအတွင်းရေးမှူးဦးကျော်ကျော်သက်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းငွေစာရင်း လက်ကျန်ရှင်းတမ်းကို ဖတ်ကြားရှင်းလင်းသည်။ ဆက်လက်၍ အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းကျော်စိုးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဖတ်ကြားသည်။ ယင်းနောက် သဘာပတိထံမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ငွေစာရင်းရှင်းတမ်း၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းများကို သဘာပတိထံမှ အတည်ပြုချက်ရယူသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၁၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# မိုးညိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာ ထောက်ပံ့ပေးအပ်

**မိုးညို ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ရွှေဥဒေါင်းရပ်ကွက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမိုးဇော်က တိရစ္ဆာန်အစာ ထောက်ပံ့ပေးအပ်ခြင်းနှင့် တိရစ္ဆာန်အစာကျွေးမွေးပုံ နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်း ရေကြီးနစ်မြုပ်လျက်ရှိသော ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ တိရစ္ဆာန်များကျွေးမွေးမှု အဆင်ပြေစေရေးအတွက် အစာအိတ် ၄၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ပြည်သူလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ထားဝယ်မြို့၌ တက္ကသိုလ်ကျောင်းသားလူငယ်များ ဒေသန္တရဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ထားဝယ် ဇူလိုင် ၃၀

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကျောင်းသားလူငယ်များ ဒေသန္တရဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။





ဟောပြောပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သင်တန်းကျောင်းများရှိ ကျောင်းသားလူငယ်များ အနေဖြင့် ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများ ကြွယ်ဝ၍ ဘက်စုံထူးချွန်ပြီး လူမှုဆက်ဆံရေးစွမ်းရည်များ၊ ခေါင်းဆောင်မှုအရည်အသွေးများ၊ ပထဝီဝင်နိုင်ငံရေးသမိုင်းကြောင်းများ၊ အတွေ့အကြုံဗဟုသုတများ သိရှိလေ့လာသင်ယူနိုင်ပြီး ဗဟုသုတများ ဖလှယ်နိုင်စေရေးနှင့် ဒေသန္တရဗဟုသုတများ ရရှိစေရေး၊ ချစ်ကြည်ရင်းနှီးမှု ရရှိစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ် သားကောင်းသမီးကောင်း၊ ကြယ်ပွင့်ကလေးများဖြစ်သည့် ကျောင်းသားလူငယ်များအနေဖြင့် ဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်ကောင်းများ၊ အသိပညာ၊ ဗဟုသုတများကို သေချာစွာ မှတ်သားပြီး တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသော၊ ဦးဆောင်မှု အရည်အသွေးပြည့်မီသော ကျောင်းသား လူငယ်များဖြစ်လာစေရေး ကြိုးစားကြရန်လိုအပ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရိုင်းပင်းကူညီ၍ လက်တွဲညီညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာရင်ရင်နွယ်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဆလိုင်းအင်ဒရူးငွန်ကျုံးလျန်တို့က ကျောင်းသားလူငယ်များအား ဒေသန္တရဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများနှင့် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဗလမင်းထင်ဧက ၁၀၀ စံပြစိုက်ကွင်း မိုးစပါးစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇူလိုင် ၃၀

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့၌ မိုးစပါး စတင်စိုက်ပျိုးနေမှု အခြေအနေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးကြသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီးဦးမိုးမင်းသိန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်အတွင်း မိုးစပါးနှင့် သီးထပ်သီးညှပ် စံပြစိုက်ကွင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် ဗလမင်းထင် ဧက ၁၀၀ စံပြစိုက်ကွင်းသို့သွားရောက်ပြီး စိုက်ကွင်းအတွင်း မိုးစပါးစတင် စိုက်ပျိုးဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ စိုက်ကွင်းအလယ်တွင် ဖြတ်သန်းစီးဆင်းသည့် အင်ဂျန်းချောင်းတစ်လျှောက် ဘေးဝဲ/ယာတွင် အများပြည်သူ အပန်းဖြေ အနားယူနိုင်ရေး ဆောင်ရွက်ထားသည့် လူသွားလမ်းပေါ်၌ အလှပန်းပင်များ စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေအိုက်ရပ်ကွက် တောင်သူ ဦးမာယော်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ပြီး အဆိုပါခြံအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် ဝက်များ မွေးမြူထားရှိမှု၊ ရာသီပေါ်ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ရွှေညောင်ပင် ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမတည်ပေးမှုဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများ ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ပိုင် စူပါဝမ်း နွားမွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်း ရောင်းဝယ်ရေးသို့ သွားရောက်ပြီး နို့စားနွားများ မွေးမြူအောင်မြင် ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

လွိုင်လင် ဇူလိုင် ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်း ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန်ဝိုးကျေးရွာအုပ်စု ပန်ဝိုးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ပန်ဝိုးကျေးရွာတွင် အရှည်ပေ ၁၁၄၀ ရှိ နှစ်လက်မ ရေပိုက်လိုင်း သွယ်တန်းပြီးစီးမှုနှင့် အလျား ၁၂ပေ၊ အနံ ၁၀ပေ၊ အမြင့် ၉ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၉၇ သန်းကို အသုံးပြုကာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

✳ ကျောဖုံးမှ

ဈေးကွက်အတွင်း ပထမဆုံးခေါ်ယူခဲ့တဲ့ ကစားသမားတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ကာလာဖီအိုရီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုလော့ဂ်နာအသင်းအတွက် အဓိကအရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ဘိုလော့ဂ်နာအသင်းဟာလည်း နှစ်ပေါင်း ၆၀ အတွင်း ချန်ပီယံလိဂ်ကို ပထမဆုံးဝင်ခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

ကာလာဖီအိုရီဟာ ယူရို ၂၀၂၄ ပြိုင်ပွဲမှာ အီတလီအသင်းနဲ့အတူ အကောင်းဆုံးပွဲထွက်ကစားခဲ့ပြီး အုပ်စုအဆင့်သုံးပွဲစလုံးမှာ ပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်းဖြစ်ပါတယ်။ **ငွေကြယ်**

☆ အိုလံပစ်မှ

သက်ထားသူဇာသည် အုပ်စုဒုတိယပွဲအဖြစ် ကနေဒါနိုင်ငံသူ မီချယ်လ်လီနှင့် ယှဉ်ပြိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၂၁-၁၆ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၅-၂၃ မှတ်ဖြင့် နှစ်ပွဲပြတ် အရှုံးနိမ့်ခဲ့သည်။ သက်ထားသူဇာသည် ပထမပွဲစဉ်တွင် အရှုံးနိမ့်ထားသဖြင့် ယခုပွဲတွင် အနိုင်ရရန်ကြိုးပမ်းခဲ့ပြီး ပထမပွဲငယ်တွင် ငါးမှတ်အကွာဖြင့် အရှုံးနိမ့်ခဲ့သလို ဒုတိယပွဲငယ်တွင် အပြန်အလှန် ရမှတ်များရယူပြီးမှ အရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ သက်ထားသူဇာသည် အုပ်စု (C) တွင် ပါဝင်ခဲ့ပြီး ဂျပန်နိုင်ငံသူ ယာမာဂူချီ၊ ကနေဒါနိုင်ငံသူ မီချယ်လ်လီတို့ကို အရှုံးနိမ့်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-BWF**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




၂၉-၇-၂၀၂၄ ရက်နေ့မှအဆက်

ပြီးမှ သတိရသဖြင့် စာရွက်ကို ကမန်းကတန်း ပြန်ခွာပြီး အောက်ဘက်မှာ စာကြောင်းတစ်ကြောင်း တိုးလိုက်သည်။

ထို့နောက် ကော်သုတ်ပြီး ပြန်ကပ်လိုက်၏။

မင်အနက်ဖြင့် ရေးထားသော ကဗျာအောက်တွင် မင်အနီဖြင့် ရေးထားသော စာတန်းလေးက ထင်းခနဲ မြင်နေရသည်။

"စာမေးပွဲနီးပြီ၊ စာကျက်တော့"

စာရွက်လေးကို ကျေနပ်စွာကြည့်ပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပထမနှစ် နှစ်ဝက်စာမေးပွဲသည် တစ်လလောက်သာလိုတော့၏။ သည်ကြားထဲမှာ တန်ဆောင်တိုင်တို့ ဘာတို့က ရှိသေးသည်။

တန်ဆောင်တိုင်တော့ ဘယ်မှမသွားဟု ဆုံးဖြတ်လိုက်သည်။

ခဏဆိုတာ ဘာမှ မကြာပါဘူးလေ . . .။

ကဗျာထဲကအတိုင်း သံယောင်လိုက်၍ ရွတ်လိုက်သည်။ ဟုတ်သည်၊ သည်ခဏကိုတော့ လုပ်လိုက်ရဦးမည်။ သည်ခဏလေး ကြိုးစားလိုက်လျှင်ဘဝအတွက်အဆင်ပြေနိုင်သည်။ ကျွန်တော့်မှာ တံချူလေးတစ်ခုလိုနေသည် မဟုတ်ပါလား။

အင်း . . . တံချူဆိုမှ ခင်လေးကို သတိရသည်။

ကျွန်တော် လက်ချိုး၍ ရေကြည့်လိုက်သည်။ တစ်လ၊ နှစ်လ၊ သုံးလ။

ဘာလိုလိုနှင့် သုံးလပင်ရှိချေပြီ။ ကျွန်တော့်မှာ ဘာမှ မထူးခြားသေး။ သို့သော် လုံးလုံးလျားလျား မထူးခြားသည်တော့မဟုတ်။ ဟိုတစ်ခါက အအေးဆိုင်မှာ တွေ့ပြီးကတည်းက နောက်ပိုင်း သူ့ဆီ မကြာခဏ ရောက်သည်။

နေ့လယ် ကျောင်းဆင်းချိန်ဆို ကင်န်တင်းမှာ မကြာခဏ အတူတူထိုင်ဖြစ်သည်။

မကြာခဏတွင်ပါသော ကျန်ရက်များမှာ ကျွန်တော်မထိုင်ဖြစ်။ တစ်ခါတစ်ရံ စာကိစ္စ၊ သူငယ်ချင်းကိစ္စများကြောင့် မသွားဖြစ်။ အများအားဖြင့်ကမူ ခင်လေးဆီမှာ ဧည့်သည်ဦးနေ၍ ဖြစ်သည်။

ပေါ်ဦး ပြောသလို ကိုယ့်ကိစ္စပဲ ကိုယ်တွေး၍ ကိုယ့်အလုပ် ကိုယ်လုပ်မည့်စိတ်များ ထားမိသည့်အချိန်တွင်တော့ သိပ်အကြောင်းမဟုတ်။ သူလိုကိုယ်လို သူ့ဘက်ကိုယ့်ဘက် လှည့်တွေးကြည့်လျှင်မူ ရင်ထဲ မောမောသွား၏။

တစ်ခါတစ်ရံတွင် ငါမဖြစ်နိုင်တဲ့ကိစ္စများ စိတ်ကူးယဉ်ပြီး လျှောက်လုပ်နေသလားဟု အတွေးဝင်လာသည်။

သေသေချာချာ ပြန်တွေးကြည့်လေ အားကလျော့လာလေဖြစ်ကြောင်းကို အသေးစိတ် လိုက်မစုံစမ်းနိုင်သဖြင့် သူတို့အခြေအနေကို တိတိကျကျ မသိသော်လည်း အမှတ်တမဲ့ ခန့်မှန်းကြည့်လျှင်ပင် ကိုယ့်ထက် အဆများစွာ သာသည့်သူများဖြစ်ကြောင်း သိနိုင်၏။

ကားနှင့်လာတာ၊ သုံးတာစွဲတာ၊ အဖိုးတန်ပစ္စည်းများ ကိုယ်ပေါ်တွင် ဆင်ယင်ထားနိုင်တာ၊ ပြီးတော့ ဘဝအလားအလာကောင်းသော နေရာများမှ လာတာ။ ဒါတွေ ဖယ်ပြီးတော့ပဲ ကြည့်ကြည့်ပါဦး။ ဝတ်တာစားတာ တစ်ခုတည်းနှင့်ပင် ကျွန်တော် ကျွမ်းပစ်ကျသွားသည်။

"ဒါဖြင့် ဘာအားကိုးနဲ့ မင်းက မျှော်လင့်နေတာလဲ" ဟု မေးကြည့်သည်။

ကျွန်တော့်မှာ ဖြေစရာမရှိ။

ထူးထူးထွေထွေရယ်လို့ အားကိုးစရာ ကျွန်တော့်မှာမရှိပါ။ ကိုယ်ကချစ်တာ ပိုပါတယ် ဘာညာ ကြီးကြီးကျယ်ကျယ် လျှောက်ပြောရအောင်လည်း တခြားသူများကလည်း အကုန်လုံး ကိုယ့်လိုပဲမို့ ဒီလောက်ဒုက္ခခံပြီး ကြိုးစားနေကြတာဖြစ်မည်ပင်။

စိတ်နေစိတ်ထား ဖြူစင်ရိုးသားမှု ဘာညာကျတော့ကော ကျန်သူများကလည်း အုတ်ကြားမြက်ပေါက်များမဟုတ်ပါ။ ကိုယ့်ထက်တောင် သာချင်သာနေနိုင်သည်။

"ကဲ . . . ပြောပါ၊ ဒါဖြင့် ဘာလို့ မျှော်လင့်နေတာလဲ" လို့ထပ်မေးဦး။

သည်တော့ ကျွန်တော်ကလည်း သူ့ဘာသာသူ ဖြစ်ချင်ရာဖြစ်နေသော လောကမှာ မနက်ဖြန်ဆိုတာ ဘယ်သူက ခန့်မှန်းနိုင်တာမှတ်လို့။

အဲ . . . ပိုကောင်းတာက ပုံသေကားကျချတွက်၍ မရသော လောကကြီးတွင် ပို၍ပုံသေကားကျ ချတွက်၍မရသောကိစ္စမှာ အချစ်ဖြစ်၏။

မည်သည့် လောကအမြင်နှင့်ကြည့်ကြည့်၊ နဖူးစာအနေနှင့် ပြောပြော၊ မျက်စိမမြင်သော ကျူးပစ် (ခေါ်) မြားနတ်မောင်၏ မြားကလေးနှင့်ပဲ တင်စားတင်စား အချစ်သည် သင်္ချာမဟုတ်၊ ဓာတုဗေဒ မဟုတ်၊ ရူပဗေဒ မဟုတ်။

တစ်နှင့် နှစ်ပေါင်း သုံးဆိုသော ပုံသေနည်းသည် သင်္ချာ၌သာရှိ၏။

ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင် ထုထည်အားဖြင့် နှစ်အချိုးတစ်ပေါင်းလျှင် ရေဖြစ်သည်ဟူသော ဖော်မြူလာသည် ဓာတုဗေဒ၌သာရှိ၏။

ရွေ့သွားသော အရွေ့ကို သိချင်လျှင် ရွေ့နေသော အလျင်နှင့် ရွေ့စဉ်ကြာသောအချိန်ကို မြှောက်ဆိုသော ညီမျှခြင်းသည် ရူပဗေဒ၌သာရှိသည်။

အချစ်မှာ ဘာမှ ပြောလို့မရ။

ခင်လေး ကျွန်တော့်ကို ပြန်မချစ်ဟု ဘယ်သူက ပြောနိုင်သနည်း။

ကျွန်တော့်နဖူးမှာ ခင်ခင်လေးဟု စာရေးမထားဘူးဟု ဘယ်သူပြောနိုင်သနည်း။

ယောင်ကန်းကန်းဖြင့် ပစ်လိုက်သော အချစ်နတ်ဘုရားမ ဗီးနပ်စ်၏သားတော် မျက်ကန်းကျူးပစ်လေး၏ အချစ်မြားသည် ကျွန်တော့်ရင်မှာ စိုက်မနေဟု မည်သူပြောရဲသနည်း။

မဟာဇနကမင်းသား သင်္ဘောပျက်ပြီး ပင်လယ်ထဲမျောတုန်းက ဘာအားကိုးနှင့် ကူးခဲ့သနည်း။ ခေါင်းထဲမှာ မေခလာကိစ္စကို ယောင်၍ပင် စဉ်းစားမိမည်မဟုတ်။

အဟက် . . . ကြီးကျယ်တယ်တော့ မထင်နဲ့ပေါ့ဗျာ။

ဇနကနှင့် ကျွန်တော်သည် ယောကျ်ားချင်း အတူတူပါပဲ။

ဇနကမင်းသားလို ဘုန်းကံရှင်မဟုတ်လို့ မေခလာက မကယ်တော့လည်း ဘာတတ်နိုင်မှာလဲ။ မကယ်ဘူးလို့လည်း ဘယ်သူက ပြောနိုင်သလဲ။

မတိုက်ဘဲနဲ့ ရှုံးသည့် စစ်ပွဲလေးသာ မဖြစ်ချင်။

ရောဘတ်ဟဲရစ်၏ ကဗျာလေးကို မှတ်မိမည်ထင်၏။

*"အချစ်ဆိုတာ . . .*
*သူသူငါငါ ဝင်နွှဲနိုင်တဲ့ စစ်ပွဲတစ်မျိုးပါ။*
*သူ့ရဲဘောကြောင်သူတွေဟာ*
*ဘယ်တော့မှ အောင်ပွဲမရနိုင်ပါ" တဲ့ . . .။*

ကျွန်တော် ဘယ်တော့မှ သူရဲဘောမကြောင်နိုင်ပါ။

"သည်နေ့ ရာဇဝင်က ဆရာတစ်ယောက်ရဲ့ အသုဘပို့စရာရှိလို့ ကလပ်စ်တွေ ပိတ်လိုက်တယ်"

အတန်းတွင်းသို့ လာပြောသော ဆရာတစ်ယောက်၏ စကားကြောင့် ကျောင်းသားအားလုံး လှုပ်လှုပ်ရွရွနှင့် အပြင်ထွက်ကုန်ကြသည်။

"ဘာလုပ်ကြမလဲ"

ပေါ်ဦးက စပ်ဖြီးဖြီးမျက်နှာဖြင့် ပြောသည်။

ကျွန်တော် ခဏစဉ်းစားလိုက်ပြီး –

"အဆောင်ပြန် စာကျက်မယ်ကွာ"

"ဟာ . . . မင်းကလည်း"

ပေါ်ဦးက မကျေမနပ်ဖြင့် ကျွန်တော့်ကိုကြည့်၏။

"မင်းက ဘာလုပ်ချင်လို့လဲ"

"ရုပ်ရှင်လေးဘာလေး သွားကြည့်မလားလို့" ကျွန်တော်က ခေါင်းသွက်သွက်ခါ၍ –

"စာမေးပွဲနီးပြီကွ"

"ဟာ . . . မင်းကလည်း တစ်လလောက် လိုပါသေးတယ်"

ကျွန်တော် သူ့ပခုံးကိုင်၍ –

"တစ်ဘာသာအတွက် ကျက်ရက်က သိပ်မရှိတော့ဘူး။ လာပါ ပေါ်ဦးရာ၊ ရုပ်ရှင်က ဘယ်အချိန်ကြည့်ကြည့်ရပါတယ်"

"မားဒါးအင်းသည် ဒိ(ပ်) ထွက်တော့မှာ"

"ဟေ့ကောင် . . လုပ်မနေနဲ့၊ ဝိဇယမှာ ပြန်ဝင်ဦးမှာ"

ကျွန်တော် ဇွတ်ဆွဲခေါ်သဖြင့် ပေါ်ဦးမှာ မကျေမနပ်ကြီး ပြန်လိုက်လာသည်။

"လာပါ၊ မင်းကျေနပ်အောင် ငါ အရှည်ကြီးဆိုင်မှာ လက်ဖက်ရည်တိုက်ပါ့မယ်"

တောင်ငူဆောင်နောက် ကင်န်တင်းမှ နာမည်ကြီး အရှည်ကြီး လက်ဖက်ရည်နှင့်ဆွယ်မှ ငနဲသားမှုန်နေသည်များ သက်သာသွားသည်။

နှစ်ယောက်သား ရာမညနောက်ပေါက်မှ စကြံ့အတိုင်း တောင်ငူဘက် လျှောက်လာကြသည်။

"ဟော"

ဟောခနဲ အသံပြု၍ ခင်လေးက မဖြူ၏ ပခုံးကို ကိုင်ပြီး ရယ်သည်။ ရာမညမှအထွက် နှစ်ယောက်သားတိုက်မိမလို ဖြစ်သွားကြ၍ဖြစ်သည်။

"မခင်လေးတို့ကော ကလပ်စ်မရှိဘူးလား"

"ဟင့်အင်း . . . ဆရာတွေ အသုဘပို့မလို့တဲ့"

"ကျွန်တော်တို့လည်း ဒီလိုပဲ၊ ဒါနဲ့ ခု ဘယ်သွားမလို့လဲ"

ခင်လေးနှင့် မဖြူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ပြုံးရင်း –

"ပျင်းတာနဲ့ ဒီဘက် ထွက်လာခဲ့တာ။ ကိုထွန်းဝေလည်း ရှိချင်ရှိမှာပဲဆိုပြီး မဖြူ ခေါ်လာတာနဲ့"

"အေးပါ . . . ထားပါ၊ ငါပဲ ခေါ်လာတာပါ"

ကျွန်တော် ကျေကျေနပ်နပ်ကြီး ရယ်လိုက်မိ၏။ လူတွေရှိနေလို့ပေါ့။ လူသာမရှိလျှင် နံဘေးက အုတ်တိုင်နှင့် ခေါင်းနှင့်ပြေးဆောင့်သည်။ ခင်လေးတို့သည် တစ်ခါတစ်ရံ ကျွန်တော့်ကို သတိတရရှိကြပါလားဟူ၍ ဝမ်းသာသောအင်အားဖြင့် –

"ဒါဖြင့် လာလေ၊ ဦးချစ်ဖြစ်ဖြစ် သွားထိုင်ရအောင်"

"ဟင့်အင်း . . . ဦးချစ်တော့ မထိုင်တော့ပါဘူး။ တစ်နေရာရာသွားတာပေါ့"

ခေါင်းထဲတွင် ဖျတ်ခနဲ စဉ်းစားမိသည့်တစ်ခု ပေါ်လာသဖြင့်–

"ဘုရားသွားမလား"

ခင်လေးက စဉ်းစားဟန်ပြုသည်။ ပြီးမှ မဖြူဘက်လှည့်၍–

"ဘယ်လိုလဲ၊ သွားမလား"

"သွားလေ ကောင်းသားပဲ၊ စာမေးပွဲလည်း နီးနေတော့ ဆုလေးဘာလေး တောင်းရတာပေါ့"

စကားမလွတ်တလွတ်လေး ပြောလိုက်သည်။ ခင်လေး မျက်စောင်းနုနုလေး သူ့ထံသို့ရောက်သွားပြန်၏။

"ပေါ်ဦး လိုက်ခဲ့ပါလား"

ပေါ်ဦးက ခေါင်းကို သွက်သွက်ခါသည်။

"ဟာ . . . မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

ကျွန်တော်က တအံ့တသြနှင့် မေးလိုက်၏။ သူက မင်သေသေဖြင့် –

"အရှည်ကြီးဆိုင်မှာ လက်ဖက်ရည်ကျကျ တစ်ခွက်သောက်ရဦးမယ်၊ အဆောင်ပြန် စာကျက်ရဦးမယ်။ စာမေးပွဲနီးပြီကွ"

စိတ်ထဲက ကျိတ်တွယ်လိုက်၏။

(ဆက်လက်ဖော်ပြပါမည်)

**"ပိုကောင်းတာက ပုံသေကားကျချတွက်၍ မရသော လောကကြီးတွင် ပို၍ပုံသေကားကျ ချတွက်၍မရသောကိစ္စမှာ အချစ်ဖြစ်၏။**
**မည်သည့် လောကအမြင်နှင့်ကြည့်ကြည့်၊ နဖူးစာအနေနှင့်ပြောပြော၊ မျက်စိမမြင်သော ကျူးပစ် (ခေါ်) မြားနတ်မောင်၏ မြားကလေးနှင့်ပဲ တင်စားတင်စား အချစ်သည် သင်္ချာမဟုတ်၊ ဓာတုဗေဒ မဟုတ်၊ ရူပဗေဒ မဟုတ်။**
**တစ်နှင့် နှစ်ပေါင်း သုံးဆိုသော ပုံသေနည်းသည် သင်္ချာ၌သာရှိ၏"**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

# ဧရာဝတီ၊ စစ်တောင်း၊ ရွှေကျင်၊ ပဲခူး၊ သံလွင်၊ ဝေါနှင့် တိုးမြစ်တို့ ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ ပေဝက်ကျော်ခန့် (၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခွဲခန့် (၁၉၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၉၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့လေးပေခန့်(၁၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခန့် (၁၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင် ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်ခန့် (၆၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါမြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာ နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါမြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော်ခန့် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် မြင့်တက်လာနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ပေဝက်ခန့်မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Cable Wire ၂၃၀၀ မီတာအပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၅၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နယ်သာလန်နိုင်ငံထုတ် Starlink Standard Actuated Kit with Accessories သုံးစုံအပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် မုန်လာဥနီ ကီလိုဂရမ် ၇၅၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Coconut Fiber Bed Mattress အချပ် ၇၀၊ ထိုင်းနိုင်ငံထုတ် Wai Wai ခေါက်ဆွဲခြောက် ၄၁၇၆ ဘူး၊ စင်ကာပူနိုင်ငံထုတ် Beer Flavour ၃၀၀၀ ကီလိုဂရမ် အပါအဝင်ကုန်ပစ္စည်း ရှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၇၆၁၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၇၆၁၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Alphard ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၆ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၆၅၁၁၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ပရဟိတအဖွဲ့များ၏ အကောင့်တုများဖြင့် လိမ်လည်နေကြသောကြောင့် စုံစမ်းမေးမြန်းပြီးမှ လှူရန်နှင့် သံသယရှိပါက မလှူရန် အသိပေး

**ရန်ကုန် ဇူလိုင် ၃၀**

ပရဟိတအဖွဲ့များ၏ပုံစံအကောင့်တုများဖြင့် လိမ်လည်နေကြသောကြောင့် စုံစမ်းမေးမြန်းပြီးမှ လှူရန်နှင့် သံသယရှိပါက မလှူရန် ပရဟိတဆရာတော်တစ်ပါးဖြစ်သည့် သာသနာ့နွယ်ဖောင်ဒေးရှင်းမှ ဆရာတော်က လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးရေးသားထားသည်။

ယခုအခါ လူလိမ်များက ဂိုဏ်းအသွင်ဖွဲ့စည်းလျက် ဆရာတော်များ၏ ပုံစံတူအကောင့်တု၊ Page အတုများ၊ ပရဟိတဦးဆောင်သူများ၏ ပုံစံတူအကောင့်တု၊ Page အတုများ၊ ပရဟိတအသင်းအဖွဲ့များ၏ ပုံစံတူအကောင့်တု၊ Page အတုများ ဖွင့်လျက် ကလေးလူနာပုံများ၊ လူကြီးလူနာပုံများပြလျက် လိုက်လံအလှူခံခြင်း အစရှိသဖြင့် အလှူခံနေခြင်းများရှိနေကြောင်း ဆရာတော်က မိန့်ကြားထားသည်။

**အသိပေးထား**

ယင်းကဲ့သို့ Online Shop ပုံစံတူအကောင့်တု၊ Page အတုများ၊ ဖွင့်လှစ်လျက်ရလျှင်ရသလောက် အမျိုးမျိုးလိုက်လံလိမ်လည်နေကြသဖြင့် သေချာစွာ စိစစ်မေးမြန်းစုံစမ်းပြီးမှသာ အလှူငွေများ လွှဲအပ်လှူဒါန်းကြရန် အသိပေးထားသည်။

ထို့အပြင် အမျိုးသမီးတစ်ဦးကလည်း ဆရာတော်၏ ပို့စ်အောက်တွင် ငွေသားပမာဏမည်မျှ ဆုမဲငွေသား ကံထူးသည့်အတွက် မက်ဆေ့ချ်ပေးပို့လာသောဖုန်းနံပါတ်သို့ ဆက်သွယ်ပေးရန် ဖုန်းနံပါတ်တစ်ခုမှ မကြာခဏ မက်ဆေ့ချ်ပေးပို့လျက်ရှိကြောင်း ပြောသည်။

“တော်တော်လေးသတိထားနေရတယ်။ ဘာအထိမ်းအမှတ်အနေနဲ့ ဆုငွေပေါက်တာဆိုပြီး မက်ဆေ့ချ်ပို့လာတာ နှစ်ခါ သုံးခါရှိပြီ။ သူတို့ပို့လာတဲ့ဆုငွေပေါက်တယ်ဆိုတဲ့ပမာဏကလည်း မက်မောလောက်တဲ့ပမာဏပဲ။ ဒါပေမဲ့ လိမ်မှန်းသိတယ်။ သူတို့ကို ပြန်ပြီးတော့ ဆက်သွယ်ရင် KPay ကနေ ဘယ်လောက် ပို့ပေးပါ၊ ဘယ်ကနေ ဘယ်လောက်ပို့ပေးပါဆိုပြီး လိမ်မှာ” ဟု ၎င်းက ပြောသည်။

**MT**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန** ယာယီ
**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ကြေညာချက်

**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၃၁ ရက်)**

၁။ ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဈ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၃၀-၇-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၈-၂၀၂၄) ရက်နေ့ (ကြာသပတေးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၁၂၅)ဟု ခေါ်တွင်သော အဆောက်အဦ၏ မြေညီထပ်(ထပ်ခိုးပါ) (ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၂၅ပေ x၆၀ပေ)ခန့်ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ဝယ်ယူ ပိုင်ဆိုင် လက်ဝယ်ထားရှိ အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ခင်ထွေး [၁၂/ဗတထ(နိုင်)၀၂၄၃၂၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၃၈၉၇၄**

---

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၇၃)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်(၂)လွှာ၊ (ခြေရင်းခန်း)၊ (၁၂.၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ချမ်းမြေ့ကြယ်စင်[၁၂/မရက(နိုင်)၁၇၇၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်အေးစံ[၁၁/စတန(နိုင်)၀၆၉၅၀၃]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်း မူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့ သတင်းစာကြေညာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်မင်းထက်(LL.B)** **ဒေါ်ယုဇနိကို(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၁၂)** **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ် (၂၈၀/ခ)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း - ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

---

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွတ်ကြီးကျေးရွာရပ်ကွက်၊ ရတနာမြိုင်လမ်း၊ ဦးပိုင် အမှတ်-(N-၆)၊ ကွင်းအမှတ် (၅၁၃) ဟုခေါ်တွင်သော ဧရိယာ (၂၆၅)ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၇၀x ၈၀) ပေရှိ ရွာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို အမည်ပေါက် ဖခင်ဖြစ်သူ ဦးခင်စိုးနှင့် မိခင်ဖြစ်သူ ဒေါ်မြခင်စိန် ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဦးကြည်စိုး [၁၂/မဘန (နိုင်) ၀၆၆၅၇၂] မှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ၁။ အာမီရ် (ခ) ဦးကျော်ဇင်ဆက် [၁၂/ပဘတ (နိုင်) ၀၂၇၉၆၄]+ ၂။ အူမီရ်(ခ)ဦးကျော်ဇင်သက် [၁၂/ပဘတ(နိုင်)၀၂၇၉၆၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်(၃၆)၊ မြေညီထပ်၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၅၀၈၈၆၀၅၊ ၀၉- ၇၈၀၀၅၄၀၆၀**

---

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်း လမ်း၊ အမှတ်(၇၉)၊ မြေညီထပ်+ပထမထပ်(ခြေရင်းဘက်အခန်း)၊ (၁၄x၄၀)ပေရှိ တိုက်ခန်း(၂)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ဝေမာသင်း [၁၂/ဥကတ(နိုင်)၂၁၈၃၇၆]၊ ဦးမြတ်ခိုင်[၁၁/ကဖန(နိုင်)၀၇၅၀၆၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကောင်းမြတ်[၁၂/သလန(နိုင်)၀၈၅၂၉၁]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်း မူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့ သတင်းစာကြေညာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်မင်းထက်(LL.B)** **ဒေါ်ယုဇနိကို(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၁၂)** **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ် (၂၈၀/ခ)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း - ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

---

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၃ခုနှစ်၊ တရားမအထွေထွေအယူခံ - ၉၇**

| | | |
|---|---|---|
| ၁။ ပိတောက်ဟိုးဒင်းပီတီအီး လီမိတက် (Paduak Holding PTE Ltd) ၂။ မြန်မာကားလ်ဘတ်စ် ကုမ္ပဏီလီမိတက် (MCCL) (Myanmar Carlsberg Co., Ltd)(၎င်းကိုယ်စား ဦးတင်သောင်းအတွင်းရေးမှူး ) ၃။ ဦးမျိုးမင်းသူ | နှင့် | ၁။ ဦးသန့်ဇင်ထွန်း ၂။ အမ်ဂျီအက်(စ်) ဘရူဝါရီ ကုမ္ပဏီ လီမိတက်(MGS) (MGS BREWERIES CO., LTD) ၎င်းကုမ္ပဏီအတွက် ဦးသန့်ဇင်ထွန်း ဒါရိုက်တာ) |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ ရန်ကုန်ကျောက်တံတားခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် -၂၄၆/၂၀၂၂ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ ဗဟိုစည်ရိပ်သာ၊ အမှတ်(၇/၈)အယူခံတရားပြိုင် အမှတ်(၁)ဦးသန့်ဇင်ထွန်း (၂)အမ်ဂျီအက်(စ်)ဘရူဝါရီ ကုမ္ပဏီ လီမိတက်(MGS) (MGS BREWERIES CO.,LTD)(၎င်းကုမ္ပဏီ အတွက် ဦးသန့်ဇင်ထွန်း ဒါရိုက်တာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်ကျောက်တံတားခရိုင် တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံ တရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်(၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့် အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ် ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိ သည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင် ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သီတာကျော် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်- ၉၆၁၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉ ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်- ၉၆၁ ဟုခေါ်တွင်သည့် (၁ထပ်)အဆောက်အဦ အဟောင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန္ဒာရွှေ [၁၂/မရက(နိုင်)၁၀၆၂၇၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျူိုင်း/ရွာမရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို မြေပိုင်ရှင် ဒေါ်တင်အေး [၁၂/တမန(နိုင်) ၀၃၃၁၄၅] ထံမှ (၄-၇-၂၀၁၇)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ဝင်းမော် [၁၂/မဂတ(နိုင်)၀၂၇၃၉၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်ဌေး [၉/မနတ(နိုင်)၀၇၈၀၇၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဖျူိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## "ကန့်ကွက်နိုင်ပါကြောင်း" အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း(၃)လမ်း၊ အမှတ် (၆၁၄)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)အကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုးမြင့် (ISN-၁၉၁၀၈၆) အမည်ရှိ နှစ်(၆၀)ဂရန် မြေကွက်၏ (ခေါင်းရင်းဘက်အခြမ်း)၊ အမှတ်(၆၁၃)နှင့် ကပ်လျက် (အလျား ၂၀ပေ x အနံ ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးမျိုးဝင်းညွှန့် [၁၂/ဥကတ(နိုင်) ၀၃၈၃၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခိုင် [၁၂/ဥကမ (နိုင်)၀၁၀၇၂၈]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ် (၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒေါပုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ကြည် | နှင့် | ဦးမောင်ကံ |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၆ နေ ဦးမောင်ကံ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄-ခုနှစ်၊ ဩဂုတ်လ (၁၄)ရက် (၁၃၈၆-ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄-ခုနှစ်၊ ဇူလိုင် (၃၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိုက်အောင်)**
**မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

အဖ ဦးသက်ဦး၏ သားဖြစ်သူ ကျွန်တော် မောင်ကျော်ရဲနိုင် [၁၂/သလန(နိုင်)၁၀၆၃၇၁] CDC-88630 ၏ 3E Result Sheet ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၂၉၈၆၂၃၁**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဘသိန်း၏ သား ဦးသိန်းဇော်ဦး [၉/မရမ (နိုင်) ၀၄၆၅၁၄]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၇၁၉၇၃၉၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉

| | | |
|---|---|---|
| ဒေါ်ဟန်နီလွင်ဦး | နှင့် | ဦးရဲနိုင်ဝင်း |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနား(အနောက်)ရပ်ကွက်၊ နီလာလမ်းသွယ် (၂)လမ်း၊ အမှတ်(၈/၃၁)ရပ်နေ တရားပြိုင် ဦးရဲနိုင်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဟန်နီလွင်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆုမြတ်မြတ်ဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် (၃၁၆) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် (၃၁၆)၊ ဧရိယာ (၄၀ပေx၅၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ရှိန် (SKGN-၀၂၅၅၈၀) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူ ဦးတင်ရှိန်မှာ (၂၃-၇-၂၀၂၁)နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူဇနီး ဒေါ်လှရီ [၁၂/ဥကမ(နိုင်)၀၈၈၁၄၆]က ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ခ)၊ မြေကွက်အမှတ်(၈၄)၊ မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ၁၂၀၀ စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် အိမ်ခြံမြေကွက်ကို (၁) ဒေါ်နီနီခိုင် [၁၂/အစန(နိုင်)၀၃၆၉၉၄]၊ (၂) ဦးသီဟ [၁၂/အစန(နိုင်)၁၃၆၂၇၅]၊ (၃) ဦးစည်သူ[၁၂/အစန(နိုင်)၀၃၆၅၁၄]၊ (၄) ဦးကျော်စွာ [၁၂/အစန(နိုင်)၀၁၁၉၆၁] ကိုင်ဆောင်သူတို့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက် အမှတ်အသားတည်ရှိပါသည်။ အပိုင်ရောင်းချသူများမှ ယခုအရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေကွက်နှင့် ယင်းအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါ အိမ်ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေနှင်းအေးLL.B, B.A(B.Law), DBL, DIL, DML**
**အထက်တန်းရှေ့နေ (စဉ်-၂၈၂၉၃)**
**အမှတ်(၈၆၃)၊ တိုက်-ဘီ၊ ၇-လွှာ၊ မုဒိတာအိမ်ရာ၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -09-250060946, 09-772123431**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၃-ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်-၉၀၀ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၃၊ မြေကွက်အမှတ်-၉၀၀၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ချောစုထွေး [၈/မဘန(နိုင်)၀၆၇၅၆၉]က မိမိတစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉/A-ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၆၅ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/A၊ မြေကွက် အမှတ်-၆၅၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် (၁) ဒေါ်နုနုရီ [၁၂/တမန(နိုင်)၀၄၉၇၉၁]၊ (၂) ဦးနိုင်ဝင်း [၁၂/ရကန(နိုင်)၀၂၉၆၉၉]၊ (၃) ဦးရဲထွဋ်ခေါ် [၁၂/တမန(နိုင်) ၀၉၂၃၆၃]၊ (၄) ဒေါ်မာလာ [၁၂/တမန(နိုင်)၀၅၈၄၆၅]၊ (၅) ဦးသွင်ထွဋ် [၁၂/တမန(နိုင်)၀၅၈၄၇၀] တို့အမည်ပေါက်လျက်ရှိပြီး [၎င်းတို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၂၉၆၆/၂၀၂၃ (၂၆-၁၀-၂၀၂၃) ရရှိသူ ဦးကိုကို (ဘ) ဦးဝင်းနိုင် [၁၂/ဒဂရ(နိုင်)၀၁၅၂၆၆]က မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁-ရပ်ကွက်၊ ဗိုလ်ဥဇာလမ်း၊ အမှတ်-၆၄၈ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၆၄၈၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အေးအေးသန့် [၁၂/ရကန(နိုင်)၀၅၀၅၈၄]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သည့် ဒေါ်ကေသီဦး [၁၂/ဒဂန(နိုင်)၀၁၇၉၂၇] နှင့် ဦးသန့်ကျော်ဦး [၁၂/ဥကတ(နိုင်)၀၄၉၀၇၆]တို့က မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာသစ်၊ ငွေနို့သာစံပြကျေးရွာ၊ ကွင်းအမှတ်-၄၉၅/အေ၊ မြေကွက်အမှတ် (၃၃၇) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀၀ x ၁၂၀) ပေရှိ ဦးထွန်းလင်းအမည်ဖြင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ရရှိထားသော မြေကွက်ကြီးထဲမှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း (၅၀ x ၁၂၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မိုး [၁၂/အစန(နိုင်) ၀၄၇၆၆၁] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့် [၁၁/မဥန (နိုင်) ၀၄၃၂၉၆] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉- ၄၅၂၄၁၆၃၀၉**

## အများသိစေရန်ကြေညာခြင်း

AMT Bawga Wati Distribution Co.,Ltd ၏ Logistic Department တွင် (၁၇-၆-၂၀၂၄) ရက်နေ့မှစ၍ ယာဉ်မောင်းရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးနေလင်းဦး (ဘ) ဦးခင်ဇော်လတ် [၁၂/မဂဒ(နိုင်)၁၁၀၂၃၁] ဝန်ထမ်းအမှတ်စဉ်-၁၀၁၃၁ ကိုင်ဆောင်သူသည် (၂၃-၇-၂၀၂၄) ရက်နေ့တွင် ရန်ကုန်မြို့တွင်းရှိဆေးဆိုင်များအား ကားမောင်း၍ ပစ္စည်းများလိုက်ပို့သည့် တာဝန်အား ယူထားသူဖြစ်ပါသည်။ အဆိုပါနေ့တွင် ပစ္စည်းများတင်သည့် ယာဉ်အမှတ် YGN-18 IL 7467 MAZDA BONGO LIGHT TRUCK အဖြူရောင်ယာဉ်ကားသော့နှင့် ကုမ္ပဏီပိုင် ငွေကြေးကျပ်သိန်း (၆၀) အားယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်နေပါသည်။ ကုမ္ပဏီပိုင်ငွေကြေးများနှင့် ကားသော့အား ယူဆောင်သွားသည့် ဦးနေလင်းဦး [၁၂/မဂဒ(နိုင်)၁၁၀၂၃၁] အား (၅-၈-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ကုမ္ပဏီသို့ လာရောက်အပ်နှံရှင်းလင်းပေးပါရန် ကုမ္ပဏီကိုယ်စား ဒေါ်သီတာညို (Managing Director) ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်အပ်နှံခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာအောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၈၇/၂၀၁၇)**
**အမှတ်-၅၁၆/ခ၊ တောင်ငူလမ်း၊ (၁၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၃-ရပ်ကွက်၊ မော်တင်(၇)လမ်း၊ အမှတ်(၅၄)၊ ပထမထပ်(ယာ)၊ ၂လွှာ (A) တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျောက်တံတားခရိုင်တရားရုံးတော်၏ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၀၄ အရ အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းခံရသူ အမွေဆက်ခံသူ ဦးညွှန့်ဇင် [၁၂/အလန(နိုင်)၀၂၆၀၇၃] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြည့်ပြည့်သိန်း [၁၃/ကမန(နိုင်)၀၉၉၃၁၂] က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင်မြင်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၀၇၁)**
**အမှတ်(၃၄)၊ (၄-ဘီ)၊ နီဗွာန်လမ်း၊ သာ့ဓုရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-765188412**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ သုမိတ္တာ (၂၃) လမ်း၊ တိုက်အမှတ် (၈၈၉)ဟုခေါ်တွင်သော (၆) ထပ်တိုက်၏ ခြေရင်းခြမ်း (၆)လွှာ(အပေါ်ဆုံးထပ်) တိုက်ခန်းနှင့် ရေ+မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ဘက် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသော ဒေါ်ခေါ်နိန္နီး [၁၃/ကခန(နိုင်)၀၀၀၉၃၅] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်တော်၏မိတ်ဆွေ ဒေါ်ရွှေဝတ်ရည်ထွေး [၁၂/ပဇတ(နိုင်)၀၃၂၉၉၄] မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်(မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဝယ်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ရွှေဝတ်ရည်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၈၂)**
**အမှတ်(၁၂၂၄)၊ ရော(၂၂)လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၇၃၆၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပင်းယ (၁၃)လမ်း၊ မြေကွက်အမှတ်(၄၁၁)၊ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ(၁၈½ x ၆၀)ပေ ဂရန်မူရင်းခြမ်းမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းနု[၁၂/ဥကတ(နိုင်)၀၇၄၈၂၈] မှဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးကျော်စွာကို[၉/မသန(နိုင်)၁၁၆၉၉၃] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၅-၇-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စရန်ပေး စာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေ(၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်(၂၂)၊ မြေကွက်အမှတ်(၁၆၈/ခ)၊ အကျယ်အဝန်းစတုရန်းပေ (၁၂၀၀)၊ ဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း။**

အဆိုပါဂရန်မြေနှင့် ယင်းမြေပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးတန့်ဂင့်လျန်းမုန် [၄/တတန(နိုင်) ၀၀၁၃၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဦးနွဲ့ရီက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်း (မူရင်း) များနှင့်အတူ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**ဖုန်း-၀၉-၉၈၆၂၅၂၄၁၇၊ ၀၉-၄၀၀၄၆၂၅၁၈**

## ကွန်ဒိုမီနီယမ်တိုက်ခန်းဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၅) တွင် တည်ရှိသော ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တည်ဆောက်ထားသော **Golden Parami Codominium** တာဝါ(အေ)၊ အခန်းအမှတ်(၆၀၇)၊ အကျယ်အဝန်း(၁၉၅၁.၈၆)စတုရန်းပေအကျယ်ရှိ ကွန်ဒိုမီနီယမ်တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးရဲဝင့်အောင် [၁၂/စခန(နိုင်) ၀၇၁၃၂၄] မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဇော်ဌေး [၁၂/စခန(နိုင်)၀၂၅၀၈၅] မှလည်း (၁၅-မတ်လ-၂၀၂၄ခုနှစ်) ရက်နေ့တွင် နှစ်ဦးသဘောတူ ကွန်ဒိုမီနီယမ်ဝယ်ယူခြင်းကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရောက်ရယူ ပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုမီနီယမ်တိုက်ခန်းနှင့်ပတ်သက်၍ ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းဇော်ဌေးသည် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တွင် အမည်ပေါက်ပိုင်ရှင်ဖြစ်ကြောင်းနှင့် ဦးသန်းဇော်ဌေးမှလွဲပြီး မည်သူမျှရောင်းချပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီစိုး LL.B**
**(အထက်တန်းရှေ့နေ) (စဉ်-၄၉၈၄၄)**
**အမှတ်-၈၊ အေ-၅၊ ရန်ပြိုလမ်း၊ မုန့်မြောက်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-941331693**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့ တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဦးခင်မောင်ထွန်း (MTA-၁၈၂၄၄၇) အမည်ဖြင့် နေရာချထားပေးသော သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့၊ (၁/ရ) (၂)လမ်း၊ မြေကွက်ကြီးအမှတ်-(၁/ရ)၊ အိမ်ရာကွက်ငယ်အမှတ်-(၂၄၇)၊ ဧရိယာ-(၄၀x၆၀)ပေအနက်မှ ခြေရင်းခြမ်း(၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေတွင် ဆောက်လုပ်ထားသော RC တစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးသိန်းဇော် (ဘ)ဦးသောင်း [၁၂/လကန(နိုင်) ၁၃၃၃၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်မင်းတင် (ဘ) ဦးတင်ငွေ [၁၂/မဂဒ(နိုင်) ၀၇၆၁၄၃]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းတင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၄)**
**အမှတ် - (၁/ရ-၁၂၃)၊ (၁/ရ- ၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာ ရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း- ၀၉- ၄၂၀၃၀၆၈၇ ၊ ၀၉- ၇၉၅၄၈၅၄၃၈**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှု စသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများအားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါ ဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/Soft copy (Word file) များဖြင့် (၂-၉-၂၀၂၄) ရက်နေ့၊ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြု လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိကကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၃၄၃၁၁၀၆၉၊ ၀၆၇-၃၄၃၁၁၆၃၀
Email-privatehealthdivision@gmail.com

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

## လူပျောက်ကြော်ငြာ

မောင်သိန်းထွန်းအောင် အသက်(၂၅)နှစ် မှတ်ပုံတင်အမှတ် [၁၂/လယန(နိုင်)၀၁၃၇၇၅] (ဘ) ဦးတင်ထွန်းအောင်၏သားသည် (၁၈-၆-၂၀၂၄) ရက်နေ့တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက (ဖုန်း-၀၉-၉၈၅၁၃၈၃၈၆) သို့ ဆက်သွယ်ပေးသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူ မည်သူမဆိုအား ဥပဒေအရထိရောက်စွာအရေးယူပါမည်။

**ဇနီး-မသီတာလွင် [၁၂/သဃက(နိုင်)၂၂၀၂၃၀]**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၁၃၃၁)၊ အောင်ရွှေစင်လမ်းသွယ်၊ အကျယ်အဝန်း (၄၀'x၆၀') အကျယ်ရှိ ဒေါ်သက်နွယ်အမည်ဖြင့် ရရှိထားသော မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူပါက (ယာ ) ဘက်အခြမ်း (၂၀'x၆၀')ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထား၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိအေးချို [၇/ရကန(နိုင်)၀၅၁၃၅၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ် ကိစ္စအား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ**
**L.L.B, D.B.L, D.I.L, D.I.R, C.B.D,S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁)**
**အမှတ်(၁၀၁၉/ခ)၊ ဒုတိယထပ်၊ သုခမ္မာလမ်းမကြီး (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပ။ Ph: 09-785555030, 09-440440710**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၉)၊ မြေကွက်အမှတ် ၄/ဏ (၂)၊ ၄/ည^၇၊ ဒေါ်မြနှစ်လမ်းနှင့် မဟာဆွေလမ်းထောင့်၊ အမှတ်(၆၅၁)၊ ၈½ထပ်ကွန်ဒို၊ ပြည့်စုံချမ်းသာ ကွန်ဒို အမှတ် (၃)၊ (၃) လွှာ၊ အခန်းအမှတ် (၃၀၂)၊ (၁၆၀၅) စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို (၂၂-၁၀-၂၀၂၃) ရက်စွဲပါ မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်း ကတိစာချုပ်အရ လက်ရောက်ရရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စင်သီယာအေးဝင်း [၁၂/လမန(နိုင်) ၁၃၉၀၀၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ဦး [၈/မတန(နိုင်)၀၅၆၇၉၈] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိခဲ့ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင့်အောင် (LL.B.,D.M.L.,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်/၂၅၄၈၆)**
**အမှတ် (၁၀၇၄)၊ အောင်သိဒ္ဓိလမ်း၊ (၁၂) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၅၁၁၅/က) ဟုခေါ်တွင်သော Royal Maung Ba Mar, Tower(A)၊ Type(A)၊ Room (2-A) အကျယ်အဝန်း (၂၀၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းအတွင်းရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို နေကမ္ဘာမြန်မာ ကုမ္ပဏီလီမိတက်ထံမှ (၂၈-၇-၂၀၂၀)ရက်နေ့ကတည်းကဝယ်ယူ ၍ လက်ဝယ်ထားသူ ဒေါ်မြင့်မြင့်ဝင်း [၁၃/လရန (နိုင်) ၀၉၈၁၀၅] သည် မိမိမှပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းသောကွန်ဒိုတိုက်ခန်းဖြစ်၍ ရောင်းချခွင့်၊ စီမံခန့်ခွဲခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏ မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို ကွန်ဒို တိုက်ခန်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## "ဒါရိုက်တာ ကျော်ဟိန်းကျော် ရိုက်ကူးသည့် "ကမ္ဘာကသိတဲ့ မြနန်းနွယ်" ဇာတ်လမ်းတွဲနှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်"

၁။ ကျွန်တော် ဦးအောင်ကောင်း (ဒါရိုက်တာ ကျော်ဟိန်းကျော်) (မှတ်ပုံတင်အမှတ် - [၁၂/ကမတ(နိုင်)၀၃၉၇၄၀] ကိုင်ဆောင်သူသည် (၁၄-၇-၂၀၁၉)ရက်နေ့တွင် "ကမ္ဘာကသိတဲ့ မြနန်းနွယ် ဇာတ်လမ်းတွဲ" အား စတင်ရိုက်ကူးခဲ့ပါသည်။

၂။ ယခုအခါတွင် ဒါရိုက်တာနှင့်တကွ သရုပ်ဆောင်များအားလည်းကောင်း၊ စက်အဖွဲ့များအား လည်းကောင်း၊ တရားဝင်ရိုက်ကူးခွင့်ရရှိထားသော ဇာတ်လမ်းတွဲအားလည်းကောင်း၊ ထိခိုက်နစ်နာအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် အရှက်ရစေအောင် ရည်ရွယ်၍ မမှန်မကန် ပြောဆို၊ ဝေဖန်၊ ပုတ်ခတ်ရေးသားမှု အမျိုးမျိုးပြုလုပ်နေကြသည်ကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။

၃။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ လူမှုကွန်ရက်စာမျက်နှာ (Facebook)မှဖြစ်စေ၊ လူထုဆက်သွယ်ရေး မီဒီယာ နယ်ပယ်အသီးသီးတို့မှဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဇာတ်လမ်းတွဲအား လည်းကောင်း၊ ကျွန်ုပ်နှင့် ဇာတ်လမ်းတွဲ၌ ပါဝင်သော သရုပ်ဆောင်များအားလည်းကောင်း၊ ကျွန်ုပ်၏ရိုက်ကူးရေးစက်အဖွဲ့အားလည်းကောင်း၊ ဂုဏ်သိက္ခာ ကျဆင်းစေရန် ဖန်တီးပြောဆိုခြင်း၊ ကြေညာခြင်း၊ ရေးသားခြင်း၊ ဝေဖန်ခြင်း၊ ပုတ်ခတ်ပြောဆိုခြင်း စသည်တို့ကို ယနေ့မှစ၍ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် ဇာတ်လမ်းတွဲ၏ ရိုက်ကူးထားသော အရုပ်နှင့် အသံများအား ကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ လူမှုကွန်ရက်စာမျက်နှာအသီးသီး၌ တင်ခြင်းမပြုရန် တားမြစ်လိုက်ပါသည်။

၄။ ဆက်လက်ပြုလုပ်ပါက ထိုသို့ပြုလုပ်ဆောင်ရွက်သူအား ကျွန်ုပ်ဖွဲ့စည်းထားသော ဥပဒေပညာရှင်များ ပါဝင်သည့် Law Firm အဖွဲ့မှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးအောင်ကောင်း (ဒါရိုက်တာ ကျော်ဟိန်းကျော်)**
**[၁၂/ကမတ(နိုင်)၀၃၉၇၄၀]**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၁)လမ်း၊ အမှတ်-၁၃၆၇/က နေ ဦးဇေယျာဖြိုးဝင်း [၁၄/မမန(နိုင်)၁၃၇၄၅၃] ၏သမီး WINNERS' ACADEMY ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 ကျောင်းသူ မခွန်းချိုသံသာ [၈/မကန(နိုင်)၃၂၄၈၁၇] အား မချစ်ခွန်းချိုဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ်(၉၄)၊ အခန်းအမှတ်(၂၀၂) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုချိုတင် (KTDA-၀၀၂၇၂၁)ထံ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ညိုမာဝေ [၆/ပလန(နိုင်)၀၁၁၈၃၀] က ဒေါ်ချိုချိုတင်အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အထောက်အထားများတင်ပြပြီး ကျသင့်သော အခွန်များအား ထမ်းဆောင်ခဲ့ပြီးဖြစ်ပါသဖြင့် ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းကိုကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊အလုံမြို့နယ်၊စောရန်ပိုင်တောင်ရပ်ကွက်၊ကျောင်းလမ်း၊အမှတ်(၃၃)၊(၄-လွှာ/A)၊ အကျယ်အဝန်း (၁၃ . ၅ ပေ x ၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးအောင်သိန်းထိုက် (ခ) ဦးအောင်သူရဦး (၁၂/အလန(နိုင်)၀၄၀၈၂၉)**ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးထွန်းနိုင် ( LL.B ) | ဒေါ်ခိုင်သဥ္ဇာညို ( LL.B., D.M.L ) |
| (စဉ် – ၈၃၀၅) | (စဉ် – ၈၆၈၃) |

**တရားလွှတ်တော်ရှေ့နေများ**
အခန်းအမှတ်(၂၄)၊ ပ-ထပ်၊ Shine Condo, မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၁၃၀၉၅၆၊ ၀၉-၄၂၀၀၂၃၂၁၀

## "ဦးကိုကိုလေး [၁၄/ပသန(နိုင်)၀၀၀၈၇၉] ၏ စာမျက်နှာ(၃၀)ကြော်ငြာ ကြေးမုံသတင်းစာ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"

အမှတ်(၅၉)၊ စိတ္တာသုခလမ်း၊ (၇လွှာ)၊ ကျောက်မြောင်း၊ တာမွေမြို့နယ် ရန်ကုန်မြို့နေသူ ဒေါ်ကြည်ကြည်ဝင်း[၁၂/အစန(နိုင်)၀၃၈၀၁၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

အမှတ်(၃၈)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ (၈½) ထပ်တိုက် ကွန်ဒို (၆ လွှာ) (6A) (ခေါင်းရင်း)ခန်း (၁၅ x ၆၀ ပေ) ရှိ တိုက်ခန်းအား ငွေကျပ်(သိန်း-၇၅၀)ဖြင့်လည်းကောင်း၊ အမှတ်(၃၈)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ (၈½) ထပ်တိုက် ကွန်ဒို (၆ လွှာ) (6B) (ခြေရင်း)ခန်း (၁၅ x ၆၀ ပေ) ရှိတိုက်ခန်းအား ငွေကျပ်(သိန်း-၈၅၀)ဖြင့် လည်းကောင်း၊ အသိသက်သေများရှေ့တွင် ဦးကိုကိုလေး[၁၄/ပသန(နိုင်)၀၀၀၈၇၉]၊ အမှတ်-၅၂၆/၅လွှာ(ဘီ) ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူမှ ရောင်းချရန်ကမ်းလှမ်းသဖြင့် "နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုကာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်းမှ ကာလတန်ကြေးပေးချေကာ လက်ရောက်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင် နေထိုင်ခဲ့ပါသည်။ အဆိုပါတိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်းမှ အခွန်အခအရပ်ရပ်တို့ကို ပေးဆောင်ကာ တိုက်ခန်း(၂)ခန်းအား ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချခွင့်ရှိသူတစ်ဦးလည်း ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ တိုက်ခန်း(၂)ခန်းတို့တွင် တပ်ဆင်ထားသော ကိုယ်ပိုင်ရေစက်၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်ကြည်ကြည်ဝင်း နေထိုင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းများဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် မဟုတ်မမှန် ကြေညာခြင်းများ ဆောင်ရွက်ပါက ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဟိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၇၄)**
**အမှတ်-၁/၃၀၆၊ နဝရတ်(၂)လမ်း၊ လယ်ဝေးမြို့၊ နေပြည်တော်။**
**ဖုန်း- ၀၉ -၄၂၀၇၅၆၄၄၄၊ ၀၉-၈၃၀၀၉၂၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
## နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး
## "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ နေပြည်တော်ရဲတပ်ဖွဲ့မှ လုံခြုံရေးအသုံးပြု X-Ray စက်(၆)စုံအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ထိန်းသိမ်းပြုပြင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအရ X-Ray စက်(၆)စုံ ပြင်ဆင်ရမည့်အစိတ်အပိုင်းကို သိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပို့ဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၈-၂၀၂၄
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၇-၈-၂၀၂၄

**တင်ဒါကော်မတီ**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော MYAT YADANAR-1 အမည်ရှိငါးဖမ်း(သစ်ခွံ) ရေယာဉ်မှတ်ပုံတင်အမှတ် (ON-2348)၊ စုစုပေါင်းတန်ချိန် (71.07)တန်၊ အလျား (၂၁.၀၈)မီတာ၊ အနံ(၅.၅၁)မီတာအား ရေယာဉ်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးစည်သူ [၆/ကသန(နိုင်)၀၁၀၂၅၃] + ဦးစိန်ဝင်း[၆/သရခ(နိုင်)၀၁၅၉၆၃] အမည်မှ ဦးဟန်ဝင်းအောင် [၁၄/ဖပန(နိုင်)၀၉၉၁၄၃]၊ အမှတ်(၄၃)၊ ဒုတိယလမ်း၊ (၅)ရပ်ကွက်၊ ဖျာပုံမြို့နယ်၊ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည် ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၄- လမ်း၊ အမှတ် (၃၁၉)တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်ရှိ (၄-လွှာ) (ခြေရင်းခန်း) ဟုခေါ်တွင်သည့် အကျယ်ပေ (၁၂ခွဲx ၅၀)ပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်လွင် [၉/မလန(နိုင်) ၁၁၃၁၁၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေအောင် [၅/မမန(နိုင်) ၀၉၇၄၇၀] ကိုင်ဆောင်သူက အပြီးအပိုင်အရောင်းအဝယ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချယ်ရီအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၂၉၂)**
**ဖုန်း- ၀၉- ၆၅၁၆၅၉၉၆၂**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လမ်း (၃၀)နှင့် (၃၁)လမ်းကြား၊ ၆၄-လမ်း၊ အမှတ်(၁၉)နေ ဒေါ်ခင်မေဝင်း[၅/ခတန(နိုင်) ၀၁၁၅၅၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်- ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၀၄)တွင် ဆောက်လုပ်ထားသော Sanchaung Garden Residence ရှိ Level 3၊ အခန်းအမှတ် (M313)၊ ဧရိယာ(1056)Square Feet အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းအား (၁၂-၃-၂၀၁၈)ရက်နေ့တွင် စရန်ပေးစာချုပ်ချုပ်ဆို၍ (၂၇-၄-၂၀၁၉)နေ့တွင် အပြီးသတ်ငွေပေးချေပြီး အထက်ပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏လက်ဝယ်၌ (၁၂-၃-၂၀၁၈)ရက်စွဲပါ နောက်ဆက်တွဲ(ခ) ကတိစာချုပ်မူရင်းမှာ ပျောက်ဆုံးနေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း(LL.B)** | **ဦးသက်နောင်(LL.B)** |
| **(စဉ်- ၁၀၀၅၈) (၉-၇-၂၀၁၄)** | **(စဉ်- ၁၄၃၃၄) (၂၇-၄-၂၀၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၉/၁၁)၊ အခန်း(၀၀၅/ဘီ)၊ (၃၆)လမ်း(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၄၂၀၂၆၄၉၆၇၊ ၀၉-၂၅၄၃၀၉၄၉၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်- ၁၅၅၊ မြေတိုင်း ရပ်ကွက် (၂)၊ မြေကွက်အမှတ်-၁၅၅၊ ဧရိယာ (၁၉ ၃/၂ x ၅၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးဟူစိန် (ခ) အူဆမ် [၁၂/ဒပန(နိုင်)၀၇၃၂၈၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူတစ်ဦးမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းမိုးမြင့် (BA, HGP)** | **ဒေါ်ကေသီအောင် (LLB, DBL, DIL)** |
| **အထက်တန်းရှေ့နေ(စဉ်-၁၇၃၈၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၅၆၅၅)** |

**အမှတ် (၁)၊ မြေညီထပ် (B)၊ ပုညဝဓနလမ်း၊**
**ဋ္ဌေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph: 09-5393311, 09-448004619**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅) ရပ်ကွက်၊ ရွှေပိတောက်လမ်း၊ အမှတ်- (၄၈၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-(၅၅)၊ မြေကွက်အမှတ်- (၄၈၈)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေအား ပါမစ်မူရင်း၊ ဆက်စပ်စာချုပ် မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့် [ ၁၂/သကတ(နိုင်)၀၇၉၅၄၂]ထံမှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော မြေကွက်၏ (ခေါင်းရင်းဘက်ခြမ်း) (အလျား ၂၀ပေx အနံ ၆၀ပေ ) အကျယ်ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်- ၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ် (၅၉၂)၊ အကျယ်အဝန်း (၀.၀၅၅)ဧက (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၉၂)၊ ရွှေပြည်သာ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ မြို့ပြမြေယာဌာနတွင် ဦးဆင့်(CI-000211)အမည်ဖြင့်တည်ရှိသော မြေနှင့်အိမ်ဖြစ်ပါသည်။ အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲစိတ် ရသေးသောမြေကွက်၏ (ခြေရင်းဘက်ခြမ်း)၊ မြေကွက်အမှတ်(၅၉၃)နှင့်ကပ်လျက်ဘက်ခြမ်း၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း အဆိုပြုသူ ဒေါ်တင်တင်အောင် [၁၂/ဥကတ(နိုင်)၁၃၉၄၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူအောင် [၈/ပခက(နိုင်)၀၀၃၈၂၈]၏ ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ထွန်း (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၈)**
**အမှတ်(၁၂၉၅)၊ မိုးကောင်းလမ်း ၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၃၀၂၃၂၈**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မေသူအောင်[၁၂/ဥကတ(နိုင်) ၂၁၃၂၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူအောင်(Facebook Account အမည်ဖြစ်သော May Thu Aung)သည် မည်သူတစ်ဦးတစ်ယောက်ဖြင့်ဖြစ်စေ၊ အစုအဖွဲ့များစွာဖြင့်ဖြစ်စေ ငွေကြေးအရှုပ်အရှင်းကိစ္စများကို လုံးဝ(လုံးဝ) ပတ်သက်ဆက်နွှယ်ပြုလုပ်ထားခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူအောင်၏ ခွင့်ပြုချက်မရှိ လူမှုကွန်ရက် Internet မှတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်လိုသောသဘောဖြင့် ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများပြုလုပ်ခြင်း၊ မဟုတ်မမှန်သောစကားများပြောဆိုခြင်း၊ ၎င်းလုပ်ကိုင်နေသော အလုပ်အကိုင်ကို ထိခိုက်စေသော အရေးအသားများ ရေးသားဖြန့်ဝေခြင်းဖြင့် တိုက်ခိုက်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူအောင်၏ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့နှင့်ပတ်သက်ပြီး ဂုဏ်သိက္ခာကျဆင်းစေသော သဘောရည်ရွယ်ချက်ဖြင့် ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် Instagram, Telegram, Facebook Page, Tik Tok Account, Messenger, Phone, Phone Messager, Viber နှင့် Face Groups များမှတစ်ဆင့် ပို့စ်တင်ရေးသားခြင်းများကို မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းများအား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းဖယ်ရှားပေးပါရန် အသိပေးအပ်ပါသည်။ အကယ်၍ ထပ်မံပြုလုပ်သည်များကို တွေ့ရှိရပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆိုရှယ်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၅၁/၂၀၂၄)**
**ဖုန်း- ၀၉-၂၅၄၂၈၃၂၇**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင် မြေပိုင်ရှင်အမည်ပေါက် ဦးမြင့်သိန်း အမည်ဖြင့်(စလစ်မြေ) မြေအမျိုးအစား၊ ငွေသွင်းပြေစာအမှတ်စဉ် (၀၂၉၆/၂၁၆၇) အိမ်ရာအဆင့်(AN)၊ အိမ်ရာကွက်အမှတ်(1)၊ တိုးချဲ့(၂)ရပ်ကွက်၊ အလောင်းဘုရားလမ်းနှင့် လမ်းသွယ်(၂)လမ်းထောင့်၊ မှော်ဘီမြို့နယ်ရှိ အကျယ်အဝန်းအားဖြင့် အလျား (၄၀)ပေx အနံ(၆၀)ပေကျယ်ဝန်းသောမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦတစ်လုံး(ရေမီးအစုံ)နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးမြင့်သိန်း [၁၂/မဘန(နိုင်)၀၂၆၈၃၁]မှ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအားလက်ရှိလက်ဝယ်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အမွေစားအမွေခံမှစ၍ အရှုပ်အရှင်းကင်းရှင်းပါကြောင်း မူလချထားပေးသည့် စလစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာထွေအုပ်ရုံးဌာန၏ လက်ခံပြေစာမှ မူရင်းမိတ္တူမှန်ကူးယူထားခြင်းဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးအောင်ဇင်ဦး [၅/အရတ(နိုင်) ၀၇၅၆၈၁]နှင့် ဒေါ်သဲဝါလှိုင် [၁၀/ခဆန(နိုင်) ၀၇၇၇၇၆]တို့မှ (၂၉-၇-၂၀၂၄)ရက်နေ့တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော(မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ထိုအိမ်နှင့်ဝန်းခြံမြေကွက်၏ အကျိုးခံစားခွင့်တို့အား ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သဲနုဝင်း LLB, DBL အထက်တန်းရှေ့နေ (စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅)**
**အမှတ်- ၆၀(B-2)၊ သီရိလမ်း၊၂- ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၊ မြေကွက်အမှတ်- ၇၄၇၊ ဧရိယာ (၀.၀၅၅)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေ၏ အရှေ့မြောက်ခြမ်း (မြေကွက်အမှတ်- ၇၄၆ နှင့် ကပ်လျက်ရှိသောအခြမ်း) အကျယ် (၂၀'x၆၀') မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၇၄၇)၊ ဇေဒါ (၂)လမ်း၊ ၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးအောင်ကိုကိုထွေး [၁၂/ဥကမ (နိုင်) ၁၇၂၆၇၅]နှင့် ဒေါ်သန်းသန်းအေး [၁၂/ဗဟန(နိုင်) ၀၃၂၇၇၂]တို့ ပူးတွဲအမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၁၄-၇-၂၀၂၃)ရက်စွဲပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်အရောင်းအဝယ်စာချုပ်အရ ဒေါ်မြကေသွယ် [၁၂/အလန(နိုင်) ၀၀၀၇၀၆]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးနေလင်းထွန်း** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ (စဉ်-၅၀၉၅၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ Success ကိုယ်ပိုင်အထက်တန်းကျောင်း G-10မှ မယွန်းမြတ်သွယ်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းနိုင် [ ၁၂/ရပသ(နိုင်)၀၂၈၀၃၇] ဖြစ်ပါသည်။

**ဦးတင်ထွန်းနိုင်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ် (၃၅၆) သုမန (၂)လမ်း၊ (၅) ရပ်ကွက်နေ ဒဂုံ (၂) G-1 တွင် ပညာသင်ကြားနေသော မောင်ဇွဲထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးသူရ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ်(၅၄)၊ အခန်းအမှတ်(၀၀၄) မြေညီထပ်အား ဦးဇေယျာ(YKN-၀၀၈၁၀၅) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်မြသော်တာဝင်း [၉/မထလ(နိုင်) ၁၈၆၅၁၁]က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၃၀၁) တတိယထပ်အား ဒေါ်ဝင်းမာ [၁၂/လမန (ဧည့်) ၀၀၀၂၁၁]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးဝဏ္ဏ [၈/မမန (နိုင်) ၁၂၉၅၄၁]နှင့် ဒေါ်မိုးမိုး [၈/ပခက (နိုင်) ၁၈၆၂၆၂]က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## အယူခံမှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၅

ဒေါ်ရီရီဝင်း နှင့် ၁။ ဦးမြင့်သန်းလင်း(ကွယ်လွန်သူ ဒေါ်ရင်ရင်ခင်၏တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်အေးမြမြတ်ခင်
၃။ ဒေါ်ဒေါ်ရစ်ခင်
၄။ ဦးအောင်မျိုးခင်(ကွယ်လွန်သူ ဦးခင်မောင်သန်း၏ တရားဝင်ကိုယ်စားလှယ်)
၅။ ဒေါ်မာလာမြင့် (ကွယ်လွန်သူ ဦးခင်မောင်ဦး(ခ)ဘာတီခင်၏ တရားဝင်ကိုယ်စားလှယ်)
၆။ ဒေါ်ဝင်နီခင်
၇။ ဒေါ်လှမြတ်သင်း (ကွယ်လွန်သူ ဦးတင်ဝင်း၏ တရားဝင်ကိုယ်စားလှယ်)
၈။ ဦးမောင်မောင်ဝင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်စန္ဒာမြင့်)
၉။ ဒေါ်မြစိမ်း(ခ)ဒေါ်မြကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်)
၁၀။ ဦးစောဂျိန်း (ကွယ်လွန်သူ ဒေါ်စန်းစန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်)

**အယူခံတရားလို** **(အယူခံတရားပြိုင်များ)**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ ကျောက်တံတားခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၃၁ /၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်အပေါ်အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၇၀၄)နေ အယူခံတရားပြိုင်အမှတ်(၂) ဒေါ်အေးမြမြတ်ခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်း/မြောက်၊ အမှတ်(၈၈၅)နေ အယူခံတရားပြိုင်အမှတ်(၈) ဦးမောင်မောင်ဝင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်စန္ဒာမြင့်)၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၆၅)နေ အယူခံတရားပြိုင် အမှတ်(၉) ဒေါ်မြစိမ်း(ခ)ဒေါ်မြကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ကျောက်တံတားခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ ၂၁ ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၅-၈-၂၀၂၄ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၃၃၁၊ ၀၁၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)


ချမ်းသာအောင် အကျိုးဆောင်
မြောက်ဒဂုံ/အရှေ့ဒဂုံ/ဒဂုံဆိပ်ကမ်း
မြေကွက်များ ဝယ်သည်။
09-775421421


## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၉)လမ်းအနောက်၊ အမှတ်-၉၄၁ တွင် တည်ရှိသည့် (၂)ခန်းတွဲ၊ (၆)ထပ် ကန်ထရိုက်တိုက်အဆောက်အဦ၏ တတိယထပ်၊ (၄)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၇ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းအပါအဝင် နေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးအောင်(ဘ)ဦးဆိပ် [၁၂/ပဇတ(နိုင်)၀၁၀၂၁၆] ကိုင်ဆောင်သူက ပိုင်ဆိုင်ကြောင်းနှင့် ပိုင်ဆိုင်မှု အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းယုဇနလှိုင် (LL.B) ဒေါ်သိမ့်သိမ့်စိုးဟန် (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၀) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၈၇၉၈၅၅၁၁၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည+ဋ္ဌ)တိုးချဲ့ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်- ၇၈ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ည+ဋ္ဌ-တိုးချဲ့၊ မြေကွက်အမှတ်-၇၈၊ အကျယ်အဝန်း (၆၈ x ၇၂ ပေ)၊ စတုရန်းပေ-၄၈၉၆၊ (၀. ၁၁၂)ဧကရှိ ဒေါ်ဥမ္မာဟန် (ဘ)ဦးသိန်းဟန်၊ SDY-၀၇၁၅၄၈၊ [၉/အမရ (နိုင်) ၀၀၅၂၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်ဆန်းထွန်း(ဘ)ဦးထွန်းမင်း [၁၂/ပဇတ(နိုင်)၀၁၁၉၀၁] ကိုင်ဆောင်သူက ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပိုင်ဆိုင်မှု အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အပြင် အမည်ပေါက်ထံမှ လွှဲပြောင်းရယူထားသည့် မော်ဘီမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၂၁- ၈-၂၀၂၃)ရက်စွဲပါ မှတ်ပုံတင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၃၇ ဖြင့် အပိုင်ဝယ်ယူသူ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းယုဇနလှိုင်(LL.B) ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၀) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၈၇၉၈၅၅၁၁၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း(၄)လမ်း၊ အမှတ်(၆)၊ ကွင်းအမှတ်(၉၈၈-က ၂)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် ၈၉/၁၅၈(က)၊ ဒေါ်အေးအေးမော် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိထားသော ဧရိယာ(၀.၀၃၄) ဧက၊ (၂၅x၆၀) ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးအောင်မျိုးသန့် (ဘ)ဦးမြမန်း [၁၂/ထတပ (နိုင်) ၀၀၅၀၇၂] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးပြည့်ဖြိုးအောင် [၈/မဘန (နိုင်)၀၈၇၃၉၅]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၄)**
**အမှတ် - (၁/ရ-၁၂၃)၊ (၁/ရ- ၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း-၀၉- ၄၂၀၃၀၆၈၇ ၊ ၀၉- ၇၉၅၄၈၅၄၃၈**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ မြေကွက်အမှတ်(၆၇၉) အကျယ်ပေ အလျား (၄၀)x အနံ(၁၈/၃၀)ရှိ ဦးထွန်းတင်အမည်ဖြင့် မှတ်သားထားရှိသော ဘိုးဘပိုင်မြေအမျိုးအစားအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား (၂၉-၁၂-၂၀၂၀)ရက်စွဲပါ ''မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း သဘောတူ ကတိစာချုပ်'' ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်သူဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ကမ်းလှမ်းလာသူ ဦးကိုကိုဝင်း [၁၂/အစန(နိုင်)၁၈၇၃၂၀] ကိုင်ဆောင်သူထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာကြည် [၁၂/အစန(နိုင်) ၁၁၁၈၈၄]ကိုင်ဆောင်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ (၁၂-၈-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းယုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ် တရားရုံးရှေ့။**
**Ph:09-255 779 105**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ် (၉၃၆/ခ)ဟုခေါ်တွင်သော အိမ်အမှတ် (၉၃၆/ခ)၊ ငုဝါလမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်) ဦးစိုးလွင် (ဘ)ဦးတင်လှိုင် (A/RGN-023074) အမည်ပေါက် (၂၀x၆၀)ပေကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော (၁)ထပ်တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းကျော်(N/OKA-098684) [၁၂/ ဥကမ(နိုင်)၀၁၅၈၂၈]က ရောင်းချမည် ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP) ဦးကျော်မင်းဦး(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉) အထက်တန်းရှေ့နေ(စဉ်-၅၀၆၆၉)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးထင်ဝင်း၏ သား မောင်ထက်ဝင်းအောင်[၁၂/ဒဂမ (နိုင်)၀၃၄၈၄၄]၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-904939) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၁၉၈၀၆၄၃


ဝတ်ရည်ဦး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြယာရိုး (၆)၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုး လမ်းမကြီး၊ ဦးပိုင်အမှတ် (၁၅၂/က)၊ ရာမနီတောင်ကွင်း၊ ကွင်းအမှတ် (၆၆၄/A) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၂၅ပေ x အနံ ၁၂၀ပေ)ရှိ ဦးတင်/မငြိမ်းသူ အမည်ပေါက် ဥယျာဉ်ခြံမြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာပါဝင်သော တစ်ထပ်တိုက်နေအိမ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားကြသော ဦးလှဦး [၁၂/သလန(နိုင်)၀၄၄၇၁၇](SRM-၀၈၆၅၇၆)နှင့် ဦးမိုးဝင်း [၁၂/ သလန(နိုင်)၁၀၁၂၂၅]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆောင်းမမ[၁၂/တမန(နိုင်)၀၅၂၉၁၄]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး ( ၇ ) ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးကျော်ဇေယျ (LL.B) (စဉ် ၁၃၁၈၁/၁၇) ဒေါ်သန္တာဆွေ (LL.M) (စဉ် ၁၀၄၀၇/၁၅) ဒေါ်နော်ဆည်းဇာ (LL.B) (စဉ် ၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ် ၁၃၂၄၀/၁၇) ဒေါ်ဝေမာနွယ် (LL.B) (စဉ် ၁၄၇၁၁/၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉- ၄၂၂၂၈၁၁၁၈၊ ၀၉- ၄၃၁၈၈၉၈၈**

## ကြော်ငြာစာ

### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈
### လှည်းကူးခရိုင်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၉

ကွယ်လွန်သူ ဦးမှတ်ကြီး၊ဒေါ်ခင်လှတို့၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဦးထွန်းလွင် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမှတ်ကြီး၊ဒေါ်ခင်လှ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းလွင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆) ရက်၊ (၁၃၈၆၊ဝါခေါင်လဆန်း ၁ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမှတ်ကြီး၊ဒေါ်ခင်လှ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား တစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ( ၆ ) ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးထွန်းလွင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ( ၂၉ ) ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ တိုက်အမှတ် (၂၆)၊ အခန်း (၀၀၂)၊ (၂)ခန်းတွဲ၄ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ (အလျား၂၅ပေxအနံ၃၅ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုအဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇင်မျိုးကျော်လွင် [၉/လဝန(နိုင်)၁၂၃၈၃၇] က မိမိသာလျှင် အရှုပ်အရှင်းကင်း၍ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက်ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဒေါ်ခင်ဆွေဝင်း [၇/အမန(နိုင်)၀၆၃၀၄၁] က အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော် (LL.B, D.B.L, D.I.L, D.I.P.L, DL-101) WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**အမှတ်- ၉/၁၁၊ မြေညီ၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၃၁၀၅၀၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် (A/ခ)၊ ရွှေလီ(၂)လမ်း ဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၇၀ x ပေ ၆၀)ရှိ ဒေါ်စမ်းစမ်းမြင့် အမည်ပေါက် ပါမစ်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိလက်ဝယ် ပိုင်ဆိုင်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး၊ ပိုင်ဆိုင်မှုအရှုပ် အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်စမ်းစမ်းမြင့် [၁၂/တတန(နိုင်)၀၀၈၆၇၀] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉ ၄၅၁၃၇၈၀၀၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

❖ သို့ဖြစ်၍ ပြည်ထောင်စုကြီး အစွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# MNL-2 ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်နှင့် ရွှေပြည်သာယူနိုက်တက်အသင်း အနိုင်ရ

ရန်ကုန် ဇူလိုင် ၃၀

၂၀၂၄ ရာသီ MNL-2 (ပထမတန်း)ပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ကို ဇူလိုင် ၃၀ ရက်ကကျင်းပရာ ကချင်ယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း အနိုင်ရရှိသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ရောဝတီရိန်းဂျားအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည့် ကချင်ယူနိုက်တက်အသင်း ဂိုးပြတ်ရလဒ်ဖြင့် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၆၊ ၅၈ မိနစ်တွင် အောင်သူရိန်၊ ၄၄၊ ၈၉ မိနစ်တွင် အက်စ်ဂွန်လမ်၊ ၄၅+၁ မိနစ်တွင် သန်းဇော်ဟိန်း၊ ၄၅+၃ မိနစ်တွင် ဆိုင်းအောင်၊ ၈၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဇော်လွင်ဦးတို့က သွင်းယူခဲ့ပြီး ရောဝတီရိန်းဂျားအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၂၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကျော်ထက်၊ ၇၂ မိနစ်တွင် စိုးသူရိန်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ကချင်ယူနိုက်တက်အသင်းမှ အက်စ်ဂွန်လမ်က ရရှိသည်။ ယခုပွဲအပြီးတွင် စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖


ကချင်ယူနိုက်တက်အသင်းနှင့် ရောဝတီရိန်းဂျားအသင်း ယှဉ်ပြိုင်စဉ်။



အိုလံပစ်ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ပါဝင်ယှဉ်ပြိုင်စဉ်။

## အိုလံပစ်ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ အုပ်စုအဆင့်မှထွက်ရ

ရန်ကုန် ဇူလိုင် ၃၀

ပြင်သစ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ပါရီအိုလံပစ်ကြက်တောင်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် အုပ်စုနှစ်ပွဲစလုံးရှုံးပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ☆

## ဘိုလော့ဂ်နာနောက်ခံလူ ရစ်ကာဒိုကာလာဖီအိုရီ ပေါင် ၄၂ သန်းဖြင့် အာဆင်နယ်သို့ ပြောင်းရွှေ့

ဘိုလော့ဂ်နာအသင်းရဲ့ နောက်တန်းကစားသမား ရစ်ကာဒိုကာလာဖီအိုရီဟာ ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၂ သန်းနဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ကာလာဖီအိုရီဟာ ဗဟိုခံစစ်ကစားသမားနေရာအပြင် ဘယ်နောက်ခံကစားသမားနေရာမှာပါ အကောင်းဆုံးကစားနိုင်သူဖြစ်ပြီး ဇူလိုင် ၂၉ ရက်မှာ အာဆင်နယ်အသင်းနဲ့ ပူးပေါင်းလာခဲ့တာ ဖြစ်ပါတယ်။




အခုလို နောက်တန်းကစားသမား ကာလာဖီအိုရီကို ခေါ်ယူလိုက်ခြင်းဟာ အာဆင်နယ်အသင်းနည်းပြ အာတီတာအတွက် ယခု အပြောင်းအရွှေ့ စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✻


### ယနေ့ ဖတ်စရာ

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်ချောထည်ပစ္စည်းများတင်ပို့မှု ၂၀၂၄ ခုနှစ်တွင် ကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံရှိမည်ဟု မျှော်လင့်ထား
စာမျက်နှာ » ၁၃

ဇမ္ဗူရစ်ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေထည်နှင့်ငွေများ လုယူခဲ့သူများအား ပြစ်ဒဏ်များ ချမှတ်
စာမျက်နှာ » ၁၄

ရေနံချောင်းမြို့နယ် ကုက္ကိုခွကျေးရွာအုပ်စုအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေလျက်ရှိ
စာမျက်နှာ » ၁၅




အခန်းဆက် ဝတ္ထုရှည်
စာမျက်နှာ » ၁၈